ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**တပ်မြို့စည်ပင်သာယာရေးဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃၂/၂၀၁၀)**

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **တပ်မြို့စည်ပင်သာယာရေးဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်** ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တပ်မတော်ကို ကွပ်ကဲအုပ်ချုပ်သည့်အကြီးအကဲကို ဆိုသည်။

(ခ) **တပ်မြို့** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ အခြေစိုက်နေထိုင်သောနေရာနှင့် တပ်ဖွဲ့များအသုံးပြုရန် လိုအပ်သည့်နေရာများကို ဤဥပဒေအရ တပ်မြို့အဖြစ် သတ်မှတ်သည့် နယ်မြေကို ဆိုသည်။

(ဂ) **တပ်မြို့စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တပ်မြို့ကိစ္စများ စီမံခန့်ခွဲအုပ်ချုပ်ရန် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။

(ဃ) **တပ်နယ်မှူး** ဆိုသည်မှာ တပ်နယ်တစ်ခုတွင် တပ်ရင်း၊ တပ်ဖွဲ့များကို အခါအားလျော်စွာ ကြီးကြပ်ကွပ်ကဲရန် တိုင်းမှူး သို့မဟုတ် သက်ဆိုင်ရာ စစ်ဌာနချုပ်က ခန့်ထားသော တပ်မတော်အရာရှိကို ဆိုသည်။

(င) **ဥက္ကဋ္ဌ** ဆိုသည်မှာ တပ်မြို့စည်ပင်သာယာရေးအဖွဲ့အား ကြီးကြပ်အုပ်ချုပ်သူကိုဆိုသည်။

(စ) **အတွင်းရေးမှူး** ဆိုသည်မှာ တပ်မြို့အုပ်ချုပ်ရေးကိစ္စများအား အဖွဲ့ဥက္ကဋ္ဌ၏ စီမံကွပ်ကဲမှုဖြင့် တာဝန်ယူဆောင်ရသူကိုဆိုသည်။

(ဆ) **ကျန်းမာရေးအရာရှိ** ဆိုသည်မှာ တပ်မြို့ကျန်းမာရေးကိစ္စများအတွက် တာဝန်ပေးအပ်ခြင်းခံရသော တပ်မတော်ဆေးအရာရှိ သို့မဟုတ် မြို့နယ်ကျန်းမာရေးအရာရှိ ဆေးမှူးကိုဆိုသည်။

(ဇ) **လမ်း** ဆိုသည်မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေအရ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကိုဆိုသည်။

(ဈ) **ဈေး** ဆိုသည်မှာ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ပိုင်နယ်မြေအတွင်းရှိ ပြည်သူများအတွက် သား၊ ငါး၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ သက်ရှိတိရစ္ဆာန်များ သို့မဟုတ် အခြားစားသောက်ကုန်နှင့် ကုန်ပစ္စည်းများကို ရောင်းချသည့်နေရာကို ဆိုသည်။

(ည) **တပ်မြို့ဈေး** ဆိုသည်မှာ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ စီမံခန့်ခွဲမှုအောက်၌ရှိသော ဈေးကိုဆိုသည်။

(ဋ) **သားသတ်ရုံ** ဆိုသည်မှာ လူအများစားသုံးရန် အသားကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရောင်းချရန်အလို့ငှာ တိရစ္ဆာန်များကို သတ်ရာတွင် အသုံးပြုသည့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင်နေရာကို ဆိုသည်။

(ဌ) **တပ်မြို့သားသတ်ရုံ** ဆိုသည်မှာ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ စီမံခန့်ခွဲမှုအောက်၌ရှိသော သားသတ်ရုံကို ဆိုသည်။

(ဍ) **အဆောက်အအုံ** ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်းဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အခြားအဆောက်အအုံ သို့မဟုတ် ယင်းတို့၏အစိတ်အပိုင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံနံရံ၊ မြေထိန်းနံရံ၊ အကာအရံ၊ ဂင်းတံခါး၊ ခြံစည်းရိုး၊ ဂင်းထရံ၊ ဇာတ်ခုံ၊ တိုင်၊ ကျားထောက် သို့မဟုတ် အဆောက်အအုံ၏ အကြမ်းထည်လည်ပါဝင်သည်။

(ဎ) **ပေါင်းစပ်နံရံ** ဆိုသည်မှာ ပိုင်ရှင်သီးခြားဖြစ်သည့် အဆောက်အအုံနှစ်ခု အကြားတွင် ခွဲခြားနေထိုင် အသုံးပြုရန် ပေါင်းစပ်ကာရံထားသည့် နံရံကို ဆိုသည်။

(ဏ) **ရေပေးရေးလုပ်ငန်း** ဆိုသည်မှာ တပ်မြို့အတွင်း ရေပေးရန်ကိစ္စတွင် သုံးသည့် ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ ရေတွင်း၊ ရေကန်၊ ရေစုပ်စက်၊ ရေသယ်ကား၊ ရေဘုံဘိုင်နှင့် ရေပြွန်တို့အပါအဝင် ရေပေးရန်ကိစ္စတွင်သုံးသည့် စက်ကိရိယာ၊ မြေ၊ အဆောက်အအုံ၊ တံတားနှင့် အခြားပစ္စည်းများကို ဆိုသည်။

(တ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ တိရစ္ဆာန်များ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ သားဖောက်ခြင်း၊ သိုလှောင်ခြင်း၊ သုတေသနပြုခြင်း၊ ရောင်းချခြင်းနှင့် နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ဆိုသည်။

(ထ) **နေထိုင်သူ** ဆိုသည်မှာ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် နယ်မြေအတွင်း နေထိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပိုင်ဆိုင်သူ သို့မဟုတ် လက်ဝယ်ရှိသူကို ဆိုသည့်အပြင် အကယ်၍ အငြင်းအခုံဖြစ်ပွားခဲ့လျှင် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ တရားရုံးက အဆုံးအဖြတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဒ) **လက်ဝယ်ရှိသူ** ဆိုသည်မှာ ပိုင်ရှင်အပါအဝင် မြေနှင့်အဆောက်အအုံတွင် နေထိုင်အသုံးပြုသူကို ဆိုသည်။

(ဓ) **ကူးစက်တတ်သောရောဂါ** ဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ သွေးနှင့်သွေးထွက်ပစ္စည်းများမှတစ်ဆင့်

လူသို့လည်းကောင်း၊ လူ့အသုံးအဆောင်ပစ္စည်းများမှတစ်ဆင့် လူသို့လည်းကောင်း၊ အစားအသောက်မှတစ်ဆင့် လူသို့လည်းကောင်း၊ ခြင်၊ ယင်၊ လေ့စသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း၊ ကူးစက်တတ်သောရောဂါကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကူးစက်တတ်သောရောဂါအဖြစ်သတ်မှတ်သည့် ကူးစက်ရောဂါများလည်း ပါဝင်သည်။

(န) **နှောက်ယှက်မှု** ဆိုသည်မှာ လူ၏အာရုံခံစားမှု၊ အသက်အိုးအိမ်စည်းစိမ်နှင့် ကျန်းမာရေးတို့ကို ထိခိုက်နစ်နာစေမည့်ပြုလုပ်မှုနှင့် ပျက်ကွက်မှုများကို ဆိုသည်။

(ပ) **ဘီးတပ်ယာဉ်** ဆိုသည်မှာ မော်တော်ကား၊ မီးရထား၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီး၊ ဆိုက်ကားနှင့် လက်တွန်းလှည်းအပါအဝင် ဘီးတပ်ထားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဆိုသည်။

(ဖ) **အိမ်** ဆိုသည်မှာ စစ်မှုထမ်းတစ်ဦးနေထိုင်ရန် သို့မဟုတ် စစ်ဘက်ရိပ်သာတစ်ခုပြုလုပ်ရန် သင့်လျော်သော အဆောက်အအုံကိုဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံနှင့်ဆက်စပ်နေသော မြေနှင့်အဆောက်အအုံများလည်း ပါဝင်သည်။

(ဗ) **စစ်ဘက်အရာရှိ** ဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) တာဝန်များအရ တပ်နယ်တစ်ခု၌ တာဝန်ထမ်းဆောင်နေသော ပြန်တမ်းဝင်အရာရှိ သို့မဟုတ် အရာခံဗိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်စာဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ တပ်နယ်ရုံးနှင့် တပ်မတော်ဌာနတစ်ခုခုတွင် အရာရှိတာဝန်ထမ်းဆောင်နေသူလည်း ပါဝင်ပါသည်။

(ဘ) **ပိုင်ရှင်** ဆိုသည်မှာ တပ်မြို့အတွင်းရှိ အဆောက်အအုံ သို့မဟုတ် မြေကွက်ပိုင်ဆိုင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံ သို့မဟုတ် မြေကွက်ကို အငှားချထားခြင်းကိစ္စ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊

ယုံမှတ်အပ်နှံခံရသူအဖြစ်ဖြင့်ဖြစ်စေ အိမ်လခ သို့မဟုတ် မြေငှားခကို လက်ခံရရှိနေသူ သို့မဟုတ် ရရှိထိုက်သူတို့လည်း ပါဝင်သည်။

## အခန်း (၂)
## တပ်မြို့သတ်မှတ်ခြင်းနှင့် ဖျက်သိမ်းခြင်း

၃။ အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြန်မာနိုင်ငံအတွင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ အခြေစိုက်သော နေရာနှင့် တပ်ဖွဲ့များ အသုံးပြုရန် လိုအပ်သည့်နေရာများကို နယ်နိမိတ်သတ်မှတ်၍ တပ်မြို့အဖြစ် သတ်မှတ်နိုင်သည်။ ထို့ပြင် တပ်မြို့အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် ခွဲထုတ်ခြင်းများပြုလုပ်နိုင်သည်။

၄။ (က) အစိုးရအဖွဲ့သည် အမိန့်ပြန်တမ်းထုတ်ပြန်၍ တပ်မြို့နှင့်ဆက်စပ်လျက်ရှိသည့် မည်သည့်ဒေသ၊ ရပ်ကွက်၊ ကျေးရွာကိုမဆို တပ်မြို့နယ်နိမိတ်သို့ ထည့်သွင်းရန်သော်လည်းကောင်း၊ တပ်မြို့တွင် ပါဝင်သည့် မည်သည့်ဒေသ၊ ရပ်ကွက်၊ ကျေးရွာကိုမဆို ယင်းတပ်မြို့မှ ခွဲထုတ်ရန်သော်လည်းကောင်း ရည်ရွယ်ကြောင်းထုတ်ပြန်ကြေညာနိုင်သည်။

(ခ) တပ်မြို့ သို့မဟုတ် ဒေသ၊ ရပ်ကွက်၊ ကျေးရွာတွင် နေထိုင်သူ မည်သူမဆို ပုဒ်မခွဲ (က)အရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ရက်သတ္တပတ် ၆ ပတ်အတွင်း အစိုးရအဖွဲ့သို့ ကန့်ကွက်စာတင်သွင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ရက်သတ္တပတ် ၆ ပတ်ကုန်ဆုံးသောအခါ အစိုးရအဖွဲ့သည် ကန့်ကွက်ချက်မရှိလျှင်လည်းကောင်း၊ ပုဒ်မခွဲ(ခ)အရ ကန့်ကွက်စာတမ်းတင်သွင်းခြင်းရှိလျှင် ယင်းကန့်သတ်ချက်ကို စုံစမ်းစစ်ဆေးဆုံးဖြတ်ပြီး နောက်လည်းကောင်း ယင်းထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသော ဒေသ၊ ရပ်ကွက်၊ ကျေးရွာကိုဖြစ်စေ၊

ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တပ်မြို့အတွင်း ထည့်သွင်းနိုင်သည် သို့မဟုတ် တပ်မြို့မှ ခွဲထုတ်နိုင်သည်။

၅။ ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တပ်မြို့အတွင်း ထည့်သွင်းခြင်းခံရသော ဒေသ၊ ရပ်ကွက်၊ ကျေးရွာသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အကျုံးဝင်သည့်အပြင် ဤဥပဒေပါ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

၆။ (က) ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တပ်မြို့အဖြစ် သတ်မှတ်သည့် နယ်မြေတစ်ခုလုံးကို တပ်မြို့အဖြစ်မှ ရုပ်စဲရန် လိုအပ်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ စာရင်းအင်းနှင့်တကွ လွှဲပြောင်းနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်တောင်းခံ၍ သက်ဆိုင်ရာ ရုံး၊ ဌာနသို့ လွှဲအပ်ခြင်း၊

(၂) ရရန်၊ ပေးရန် ကြွေးမြီများကို စာရင်းအင်းနှင့်တကွ ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်တောင်းခံ၍ သက်ဆိုင်ရာရုံး၊ ဌာနသို့လွှဲအပ်ခြင်း၊

(၃) ဖျက်သိမ်းမိန့်သတ်မှတ်သည့်နေ့အထိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင်ငွေများကို စာရင်းဇယားပြုလုပ်၍ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေစာရင်းသို့ သက်ဆိုင်ရာ ခေါင်းစဉ်ဖြင့် အပ်နှံခြင်း။

(ခ) ပုဒ်မ ၃ အရ တပ်မြို့တွင် ပါဝင်သော ဒေသ၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို တပ်မြို့အဖြစ်မှ ပယ်ဖျက်ခဲ့လျှင် ယင်းနှင့် သက်ဆိုင်သည်တို့ကိုလည်း ပုဒ်မခွဲ (က)နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၇။ တပ်မြို့တိုင်းတွင် တပ်မြို့စည်ပင်သာယာရေးအဖွဲ့တစ်ခုစီကို ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ပြင်ဆင်ဖွဲ့စည်းခွင့်၊ ရုပ်သိမ်းခွင့်တို့နှင့်စပ်လျဉ်း၍ စစ်ထောက်ချုပ်မှ တစ်ဆင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ကို ရယူဆောင်ရွက်ရမည်။

၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏အမည်ရှေ့တွင် သက်ဆိုင်ရာဒေသအမည်ကို ဖော်ပြရမည်။ ယင်းအဖွဲ့တွင် ရုံးတံဆိပ်တစ်ခုရှိရမည်ဖြစ်ပြီး ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လက်ဂယ်ရယူခွင့်၊ ပိုင်ဆိုင်ခွင့်၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင် ယင်း၏အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၉။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | တပ်နယ်မှူး | ဥက္ကဋ္ဌ |
| (ခ) | တပ်မြို့အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (ဂ) | တပ်မတော်ဆေးတပ်ဖွဲ့မှ အရာရှိ(ဆေးမှူး)တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တပ်မတော်အင်ဂျင်နီယာတပ်မှ အင်ဂျင်နီယာတစ်ဦး အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (င) | တိုင်းမှူးမှရွေးချယ်သူ | အတွင်းရေးမှူး |

၁၀။ ပုဒ်မ ၉ ပါအဖွဲ့ဝင်များ၏အမည်စာရင်းကို သက်ဆိုင်ရာတိုင်းမှူးမှ ရွေးချယ်၍ စစ်ထောက်ချုပ်မှတစ်ဆင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ တင်ပြခန့်အပ်ရမည်။

## အခန်း (၄)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၁၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် -

(က) တပ်မြို့မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ခ) ဤဥပဒေအရ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းများကို အတည်ပြုခြင်း၊

(ဃ) တပ်မြို့အတွင်း အခွန်များစည်းကြပ်နိုင်ရန် ညှိနှိုင်းခြင်း၊ အခွန်နှုန်းထားများ သတ်မှတ်ပေးခြင်း၊

(င) အခွန်ငွေများတိုးတက်မှုကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊

(စ) အခြားဒေသန္တရအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်ကိစ္စများဆောင်ရွက်ခြင်း၊

(ဆ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့သို့ ပေးအပ်ထားသော ပစ္စည်းများကို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဇ) တပ်မြို့အတွင်း လမ်းသစ်များဆောက်လုပ်ရန်နှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသောအဆောက်အအုံများ၊ အဝန်းအဝိုင်းများပြုလုပ်နိုင်ရေးအတွက် မြေများ သိမ်းယူရန် လိုအပ်သော အစီအမံပြုလုပ်ခြင်း၊

(ဈ) ပန်းဥယျာဉ်များ၊ ကလေးကစားကွင်းများ၊ ရုံးများ၊ မွေးမြူရေးလုပ်ငန်းများ၊ သောက်ရေ၊ ရေတွင်း၊ ရေကန်များနှင့် အများပြည်သူများအတွက် အသုံးဝင်မည့် အခြားလုပ်ငန်းဆောင်တာများ တည်ထောင်ခြင်း၊ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းအတွက် စီမံကိန်းများပြုလုပ်ခြင်း၊

(ည) ကျန်းမာရေးနှင့်မညီညွတ်သော ရပ်ကွက်များကို ပြုပြင်ရန်အစီအမံများ ပြုလုပ်ခြင်း၊

(ဋ) တပ်မြို့စည်ပင်သာယာရေးအတွက် ဤဥပဒေပါ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၂။ ဥက္ကဋ္ဌသည် အောက်ဖော်ပြပါ လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရမည် -

(က) မိမိကိုယ်တိုင်နှင့် အဖွဲ့ဝင်များအား တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ကိုင်တွယ်ကျင့်သုံး အကောင်အထည်ဖော်ရမည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်အောင် ဆည်းပူးလေ့လာ ဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူစုဝေးရာနေရာများနှင့် သွားလာရာ လမ်းများတွင် လျှပ်စစ်မီး ရရှိရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) အများပြည်သူအား ကျန်းမာရေးကို ထိခိုက်စေပြီး ဘေးအန္တရာယ်ဖြစ်စေသည့် လုပ်ငန်းများလုပ်ကိုင်ကူးသန်းရောင်းဝယ်ရာတွင် လိုက်နာရမည့် စည်းကမ်းများသတ်မှတ်ခြင်း၊

(ဃ) လူအများအန္တရာယ်မဖြစ်စေရန် လမ်းများနှင့် အများပြည်သူဆိုင်ရာနေရာများတွင် မလိုလားအပ်သည့် အတားအဆီးများ၊ ဘေးအန္တရာယ်မကင်းသည့် အဆောက်အအုံများနှင့် နေရာများကို ကင်းလွတ်လုံခြုံအောင် ပြုလုပ်ခြင်းနှင့် ဖယ်ရှားခြင်း၊

(င) သုသာန်အတွက် မြေများသိမ်းယူထားရှိခြင်း၊ ယင်းမြေများကို ပြောင်းလဲခြင်း၊ စည်းကမ်းသတ်မှတ်ခြင်း၊

(စ) လမ်းများ၊ လမ်းကူးတံတားများ၊ ဈေးများ၊ သားသတ်ရုံများ၊ အိမ်သာများ၊ ရေမြောင်းများနှင့် အညစ်အကြေးပြွန်များစသည်တို့ကို ဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) လမ်းဝဲယာနှင့်အများပြည်သူဆိုင်ရာနေရာများတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း၊

(ဈ) လူအများသောက်သုံးရန် သန့်ရှင်းသော ရေရရှိရေးအတွက်ဆောင်ရွက်ခြင်း၊ သောက်သုံးရန်ရေကို မညစ်ညမ်းစေရန် ကာကွယ်တားဆီးခြင်းနှင့် မသန့်ရှင်းသော ရေကိုသုံးစွဲခြင်းမှ တားဆီးခြင်း၊

(ဉ) ဖွား၊ သေစာရင်းမှတ်ပုံတင်ခြင်း၊

(ည) မီးလောင်မှုဖြစ်ပွားလျှင် ငြိမ်းသတ်ခြင်းနှင့် အသက်အိုးအိမ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဋ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့ထံ အပ်နှံထုတ်ပေး ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဌ) တပ်မြို့အတွက် မြေတိုင်းတာခြင်းနှင့် စစ်ဆေးခြင်း၊

(ဍ) ကူးစက်တတ်သော ရောဂါဖြစ်ပွားပါက လိုအပ်သည့်အကူအညီများပေးခြင်း၊

(ဎ) တပ်မြို့တွင် နေထိုင်ကြသော အများပြည်သူ၏ကျန်းမာရေး လုံခြုံရေးနှင့် သက်သာချောင်ချိရေးတို့အတွက် ပိုမိုထိရောက်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဏ) အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ရန် သင့်လျော်သည့်နေရာများ သတ်မှတ်ထားရှိစေခြင်း၊ ယင်းသတ်မှတ်နေရာသို့ သယ်ယူစွန့်ပစ်စေခြင်း၊

(တ) ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသော တပ်မြို့စည်ပင်သာယာရေး ဆိုင်ရာအထူးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ထ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေအခြေအနေကို လေးလ တစ်ကြိမ်နှင့် နှစ်ချုပ်ငွေစာရင်းကို တစ်နှစ်တစ်ကြိမ် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်သို့ တင်ပြအစီရင်ခံခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများကို သက်ဆိုင်ရာ အထက်အဆင့်အရာရှိကြီးများ၏ စစ်ဆေးမှုကို ခံယူခြင်း၊

(ဒ) ဤဥပဒေအရသော်လည်းကောင်း အခြားတည်ဆဲ ဥပဒေအရသော်လည်း ကောင်း၊ ပေးအပ်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း။

၁၃။ အတွင်းရေးမှူးသည် အောက်ပါလုပ်ငန်း တာဝန်ဝတ္တရားများဆောင်ရွက်ရမည် -

(က) မိမိကိုယ်တိုင်နှင့် အဖွဲ့ဝင်များအား တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ကိုင်တွယ်ကျင့်သုံးအကောင်အထည်ဖော်ရမည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်အောင် ဆည်းပူးလေ့လာဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ မိမိအားအပ်နှင်းထားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊

(ဂ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ဆုံးဖြတ်ချက်ချထားသော လုပ်ငန်းများနှင့် ဥက္ကဋ္ဌက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) သာမန်အားဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥက္ကဋ္ဌထံမှ ခွင့်ပြုမိန့်ရယူဆောင်ရွက်ရန်ဖြစ်သော်လည်း အများပြည်သူအကျိုးငှာ သို့မဟုတ် လုံခြုံရေးအတွက် အရေးတကြီးဆောင်ရွက်ရန် လိုအပ်ပါက မည်သည့်လုပ်ငန်းကိုမဆို ချက်ချင်းလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ကို တပ်မြို့ဘဏ္ဍာငွေမှ ကျခံသုံးစွဲ၍ အရေးယူဆောင်ရွက်သည့်အမှုကိစ္စကို အကျိုးအကြောင်းနှင့်တကွ ဥက္ကဋ္ဌထံ အမြန်တင်ပြခြင်း၊

(င) အခွန်စည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရသော အဆောက်အအုံများနှင့် မြေများ၏ သန့်ရှင်းရေးကို တာဝန်ယူ၍ အခမဲ့ဆောင်ရွက်ပေးခြင်း၊

(စ) ငွေစာရင်းနှင့်ပစ္စည်းစာရင်းများကို လစဉ်ရေးဆွဲ၍ ဥက္ကဋ္ဌနှင့် စာရင်းစစ်အဖွဲ့သို့ တင်ပြ၍ အစစ်ဆေးခံခြင်း။

## အခန်း (၅)
## တပ်မြို့၊ ရငွေ၊ သုံးငွေနှင့် ပစ္စည်းများ

၁၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၅။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် ဥက္ကဋ္ဌသည် နှစ်စဉ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။ ထို့ပြင် တပ်မြို့စည်ပင် သာယာရေးအဖွဲ့များ၏ လုပ်ငန်းလိုအပ်ချက်အရ အစိုးရအဖွဲ့က သတ်မှတ်ပေးသော ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းများကိုလည်း ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ နှစ်စဉ်နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ အစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူဆောင်ရွက်နိုင်သည်။

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၁၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ရငွေများမှာ အောက်ပါတို့ဖြစ်သည် -

(၁) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ သို့မဟုတ် စည်းမျဉ်းဥပဒေအရဖြစ်စေ ရသောဝင်ငွေများ၊

(၂) တပ်မြို့အတွင်း ကျူးလွန်သည့် ပြစ်မှုအတွက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏အမိန့်အရဖြစ်စေ ရရှိသည့် ဒဏ်ကြေးငွေများ၊

(၃) တပ်မြို့ဘဏ္ဍာငွေသို့ ပေးသွင်းရမည်ဟု ထည့်သွင်းဖော်ပြထားသော မည်သည့်ညွှန်ကြားချက်အရမဆို ရရှိသည့်ငွေများ၊

(၄) တည်ဆဲဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ကောက်ခံရသည့် ဒဏ်ငွေများကို တပ်မြို့ဘဏ္ဍာငွေသို့ ပေးသွင်းရမည်ဟု အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ရရှိထားသော ငွေများ။

(ခ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ရငွေများကို အနီးဆုံးသော မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို ပြုလုပ်ရမည်။

၁၉။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့က သိမ်းယူထားသည့် သို့မဟုတ် စီမံပြုလုပ်ထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အောက်ပါပစ္စည်းများသည် တပ်မြို့ပိုင်ပစ္စည်းများဖြစ်စေရမည်။ ၎င်းတို့ကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားမှု၊ အုပ်ချုပ်မှု၊ ကွပ်ကဲမှုအောက်တွင် ထားရှိရမည် -

(က) ဈေးများ၊ သားသတ်ရုံများ၊ မြေသြဇာရုံများ၊ မိလ္လာရုံများနှင့် အဆောက်အအုံများ၊

(ခ) အများပြည်သူတို့အတွက် ရေသိုလှောင်ခြင်း သို့မဟုတ် ရေပေးရေးလုပ်ငန်းများ၊

(ဂ) တံတားများ၊ အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ ယင်းတို့နှင့်သက်ဆိုင်သော ကိရိယာတန်ဆာပလာများ၊

(ဃ) အညစ်အကြေးပြွန်များ၊ ရေမြောင်းများ၊ လမ်းကူးတံတားများ၊ ချောင်းမြောင်းများ၊ ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့် ပစ္စည်းကိရိယာများ၊

(င) တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ သိမ်းယူထားသည့် အညစ်အကြေးများ၊ ပြာများ၊ ကျွဲနွားတိရစ္ဆာန် ချေးအစရှိသည်များ၊

(စ) တပ်မြို့အတွင်းရှိ လမ်းများ၊ အဆောက်အအုံများနှင့် စိုက်ပျိုးထားသည့် သစ်ပင်များ၊

(ဆ) နိုင်ငံတော်အစိုးရသည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးသည့် မြေနှင့်အခြားပစ္စည်းများ။

၂၀။ ဥက္ကဋ္ဌသည် တပ်မြို့ဘဏ္ဍာငွေများကို မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း သုံးစွဲရမည် -

(က) ပေးရန်ရှိသည့် ကြွေးမြီများ၊

(ခ) အမှုထမ်း၊ အရာထမ်းများအတွက် လစာနှင့်စရိတ်များ၊

(ဂ) ဤဥပဒေနှင့် နည်းဥပဒေများအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ပေးချေရန် ပြဋ္ဌာန်းသတ်မှတ်ထားသော စရိတ်များ။

## အခန်း (၆)
## အခွန်စည်းကြပ်ခြင်း

၂၁။ ကာကွယ်ရေးဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း စည်းကြပ်နိုင်သော အခွန်ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ တပ်မြို့များတွင်လည်း စည်းကြပ်နိုင်ခွင့်ရှိသည်။

၂၂။ ကာကွယ်ရေးဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၁ အရ မည်သည့်အခွန်ကိုမဆို စည်းကြပ်ရန် ရည်ရွယ်ချက်ရှိပါက အမိန့်ကြော်ငြာစာဖြင့်သော်လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် ကြော်ငြာစာတိုင်းတွင် အောက်ပါအကြောင်းအရာများပါရှိရမည် -

(၁) စည်းကြပ်ရန် ရည်ရွယ်သည့်အခွန်၊

(၂) အခွန်စည်းကြပ်ရမည့်ပစ္စည်းအမျိုးအမည်၊

(၃) စည်းကြပ်မည့်အခွန်နှုန်းထား။

၂၃။ တပ်မြို့တွင် နေထိုင်သူမည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ယင်းကြေညာချက်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ကန့်ကွက်လိုပါက စာဖြင့်ရေးသား၍ ကာကွယ်ရေးဝန်ကြီးထံသို့ တင်သွင်းနိုင်သည်။

၂၄။ ကာကွယ်ရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၃ အရ တင်သွင်းသော ကန့်ကွက်ချက်ကို စိစစ်ပြီး မူလကြေညာထားသည့်အတိုင်းသော်လည်းကောင်း၊ ပြင်ဆင်၍သော်လည်းကောင်း စည်းကြပ်ကောက်ခံခွင့်ပြုနိုင်သည်။

၂၅။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့တွင် အောက်ပါအခွန်အမျိုးအစားများကို စည်းကြပ်ကောက်ခံရန် သတ်မှတ်သည် -

(က) ပစ္စည်းခွန်၊

(ခ) ရေခွန်၊

(ဂ) မီးခွန်၊

(ဃ) သန့်ရှင်းရေးခွန်၊

(င) ဈေးကောက်နှင့်ဆိုင်ခန်းငှားခများ၊

(စ) သားသတ်လိုင်စင်ကြေးများ၊

(ဆ) ရောင်းဝယ်ရေးလုပ်ငန်းလိုင်စင်ခများ၊

(ဇ) ဘီးခွန်များ၊

(ဈ) အထူးအစီအစဉ်အရ ဆောင်ရွက်ပေးရသော သန့်ရှင်းရေးခွန်များ၊

(ည) ပြပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယို၊ ကာရာအိုကေ၊ အင်တာနက်ကဖေး (Internet Café) စသည်တို့နှင့် လိုင်စင်ကြေးများ။

၂၆။ ပုဒ်မ ၂၅ အရ စည်းကြပ်ခွင့်ပြုသော အခွန်အခ (လိုင်စင်ကြေးအပါအဝင်) တို့ကို စည်းကြပ်သည့် နည်းစနစ်၊ ကောက်ခံမည့်နည်းစနစ်၊ အခွန်နှုန်းထားလျှော့ပေါ့ခွင့်၊ ကင်းလွတ်ခွင့်၊ အခွန်စည်းကြပ်မှုအတွက် အယူခံခြင်းကိစ္စစသည်များအတွက် တပ်မြို့စည်ပင်သာယာရေးအဖွဲ့က သင့်လျော်သော စည်းကမ်းဥပဒေများ ထုတ်ပြန်ရမည်။

**အခွန်စည်းကြပ်ရေးနှင့် စပ်လျဉ်းသည့် အထူးပြဋ္ဌာန်းချက်များ**

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပါအခွန် စည်းကြပ်ခြင်း၊ ကောက်ခံခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၂၈။ တပ်မြို့စည်ပင်သာရေးအဖွဲ့သည် တပ်မြို့အတွင်းရှိ စက်ရုံအလုပ်ရုံ၊ တည်းခိုရန် အဆောက်အအုံ၊ ရိပ်သာ သို့မဟုတ် မည်သည့်ကိစ္စအတွက်မဆို အသုံးပြုသည့် အဆောက် အအုံ သို့မဟုတ် မြေများကို သန့်ရှင်းရေးဆောင်ရွက်ပေးရန်အလို့ငှာ အထူးနှုန်းသတ်မှတ်၍ စီမံဆောင်ရွက်ပေးနိုင်သည်။ ဥက္ကဋ္ဌသည် ယင်းသို့ ဆောင်ရွက်ပေးရမည့်လုပ်ငန်းအတွက် ကုန်ကျမည့်ခန့်မှန်းခြေစရိတ်ကို ကြိုတင်လျာထားပြီး ယင်းသို့ စီမံဆောင်ရွက်ပေးရသည့် အတွက် လုပ်ဆောင်ခငွေပေးဆောင်မည့်သူနှင့် စာချုပ်ချုပ်ဆိုနိုင်သည်။

၂၉။ (က) ဥက္ကဋ္ဌသည် ပုဒ်မ ၂၈ အရ စက်ရုံ၊ အလုပ်ရုံ၊ တည်းခိုရန် အဆောက်အအုံ၊ ရိပ်သာသို့မဟုတ် မြေများကို သန့်ရှင်းရေးဆောင်ရွက်သော အထူးနှုန်း သတ်မှတ်၍ စီမံဆောင်ရွက်ပေးခဲ့လျှင် ယင်းအဆောက်အအုံနှင့် မြေကို တပ်မြို့အတွင်းတွင် သန့်ရှင်းရေးခွန် စည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(ခ) အောက်ပါအဆောက်အအုံနှင့်မြေများတွင် အမှိုက်၊ ပလပ်စတစ်၊ ရေဆိုးနှင့် အညစ်အကြေးများ သန့်ရှင်းရေးအတွက် တပ်မြို့စည်ပင်သာယာရေးအဖွဲ့က အခမဲ့ဆောင်ရွက်ပေးရမည်။ သို့သော် ပစ္စည်းခွန်၊ ရေခွန်၊ မီးခွန်နှင့်သန့်ရှင်း ရေးအခွန် စည်းကြပ်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(၁) ပညာရေးအတွက် အသုံးပြုသည့် အဆောက်အအုံများ ပြည်သူ့ စာကြည့်တိုက်များ၊ ကစားကွင်းများ၊ အများပြည်သူများ အခမဲ့အသုံး ပြုနိုင်သည့် ဇရပ်များ၊

(၂) ဘုရားဂတ်ပြုရန် သီးသန့်သတ်မှတ်ထားသော နေရာများ၊

(၃) အလှူခံငွေဖြင့် ဖွင့်လှစ်ထိန်းသိမ်းထားသော ဆေးရုံနှင့် ဆေးပေးခန်း များ၊

(၄) သုသာန်မြေနေရာများ၊

(၅) တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများနှင့်မြေများ၊

(၆) အများပြည်သူအကျိုးငှာ အသုံးပြုသော အစိုးရပိုင်အဆောက်အအုံ များနှင့် မြေများ။

၃၀။ (က) ဥက္ကဋ္ဌသည် ဤဥပဒေအရ အခွန်စည်းကြပ်ခြင်းခံရသူက ပေးရန်ရှိသည့် အခွန်အခများကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်း ကောင်း၊ ပေးဆောင်နိုင်ခြင်းမရှိဟု ယူဆလျှင် တစ်ကြိမ်လျှင် တစ်နှစ်ထက် မပိုသော ကာလအတွက် အခွန်များကို ကင်းလွတ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းကင်းလွတ်ခွင့်သည် တိုင်းမှူး၏အတည်ပြုချက်ရရှိမှသာ အတည် ဖြစ်စေရမည်။

(ခ) အခွန်စည်းကြပ်ခြင်းခံရသူထံမှ အခွန်ကြွေးများကို ဤဥပဒေအရ နည်းလမ်း ရှိသရွေ့ တောင်းခံသော်လည်း မရရှိလျှင် ၎င်းအခွန်များ လျော်ပစ် ခွင့်ကို အောက်ပါအတိုင်း ခွင့်ပြုနိုင်သည် -

(၁) တိုင်းမှူးသည် တစ်ကြိမ်လျှင် ကိစ္စတစ်ရပ်အတွက် ငွေကျပ် ငါးသောင်းအထိ၊

(၂) စစ်ထောက်ချုပ်သည် တစ်ကြိမ်လျှင် ကိစ္စတစ်ရပ်အတွက် ငွေကျပ် တစ်သိန်းအထိ။

၃၁။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရ စည်းကြပ်သောမည်သည့်အခွန်ကိုမဆို တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အပြည့်အဝကိုသော်လည်းကောင်း ပေးဆောင် ခြင်းမှ အမိန့်ပြန်တမ်းထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။ သို့မဟုတ် ပစ္စည်း၏တစ်စိတ် တစ်ဒေသကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း အခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၂။ (က) ဥက္ကဋ္ဌသည် အခွန်ထမ်းကပေးဆောင်ရမည့် အခွန်နှင့်စပ်လျဉ်း၍ စစ်ထောက် ချုပ်၏ကြိုတင်ခွင့်ပြုချက်ရယူလျက် ယင်းအခွန်ထမ်းနှင့် နှစ်ဦးသဘောတူ စေ့စပ်ညှိနှိုင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ နှစ်ဦးသဘောတူ စေ့စပ်ညှိနှိုင်းထားသည့် ငွေကို အခွန်ထမ်းက ပေးဆောင်ခြင်းမရှိလျှင် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၃။ ဤဥပဒေအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများကို လိုက်နာ၍ အခွန်အခစည်းကြပ်ကောက်ခံရာတွင် အခွန်ထမ်း၏ အမည် သို့မဟုတ် ဝတ္ထုပစ္စည်းအကြောင်းအရာ သို့မဟုတ် အခွန်စည်းကြပ်မှုနှုန်းထား မှားယွင်းခဲ့သည်ရှိသော် အခွန်ထမ်းသည် ယင်းမှားယွင်းမှုကို အကြောင်းပြု၍ အခွန်ထမ်းဆောင်ရန် ငြင်းပယ်ခြင်းမပြုရ။ သို့သော် ယင်းမှားယွင်းမှုကို ဥက္ကဋ္ဌထံတင်ပြလျှင် ဥက္ကဋ္ဌသည် အဖွဲ့၏သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ပြင်ဆင်ပေးနိုင်သည်။ ယင်းပြင်ဆင်ချက်အရ ပေးသွင်းထားသော ငွေများအနက်ပိုငွေများကို သက်ဆိုင်သူအား ပြန်လည်ထုတ်ပေးရမည်။

၃၄။ ဤဥပဒေအရ ငွေတောင်းနို့တစ်စာ သို့မဟုတ် ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် ယင်းနှင့်သက်ဆိုင်သည့် အခြားဆောင်ရွက်မှုများတွင် ပုံစံချို့ယွင်းချက်ရှိရုံမျှဖြင့် တရားမဝင်ဟု မယူဆရ။ ယင်းဝရမ်းနှင့်အညီ ဆောင်ရွက်သူကို ပိုင်နက်ကျူးလွန်သူဟု မမှတ်ယူရ။ ထိုသို့ဝရမ်းဖြင့် ဆောင်ရွက်ရာတွင် မှားယွင်းမှုကြောင့် နစ်နာမှုရှိခဲ့လျှင် နစ်နာသူသည် လျော်ကြေးရရန် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုတောင်းယူခွင့်ရှိသည်။

## အခန်း (၇)
## ကန်ထရိုက်စာချုပ်များ

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရ ဥက္ကဋ္ဌသည် လိုအပ်သော ကန်ထရိုက်စာချုပ်ကို ချုပ်ဆိုဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၃၆။ စာချုပ်ချုပ်ဆိုရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တန်ဖိုးငွေ ကျပ်ငါးသိန်းအထိရှိသော ကန်ထရိုက်စာချုပ်များကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ချုပ်ဆိုနိုင်သည်။

(ခ) တန်ဖိုးငွေ ကျပ်ငါးသိန်းအထက်ရှိသော ကန်ထရိုက်စာချုပ်များကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ချုပ်ဆိုနိုင်သည်။

(ဂ) ကန်ထရိုက်စာချုပ်များကို သက်ဆိုင်ရာ ဘဏ္ဍာရေးခွင့်ပြုငွေရှိမှသာ ချုပ်ဆိုရမည်။

၃၇။ ချုပ်ဆိုသော စာချုပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တန်ဖိုးငွေ ကျပ်ငါးသိန်းအထိရှိသော ကန်ထရိုက်စာချုပ်များကို အတွင်းရေးမှူးက ဥက္ကဋ္ဌကိုယ်စားလက်မှတ်ရေးထိုး၍ ချုပ်ဆိုနိုင်သည်။ ဥက္ကဋ္ဌက ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

(ခ) တန်ဖိုးငွေ ကျပ်ငါးသိန်းအထက်ရှိသော ကန်ထရိုက်စာချုပ်များကို ဥက္ကဋ္ဌက ကိုယ်တိုင်လက်မှတ်ရေးထိုး ချုပ်ဆိုရမည်။ အသိသက်သေအဖြစ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

(ဂ) စာချုပ်၏စာမျက်နှာတိုင်းတွင် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

## အခန်း (၈)

## ဈေးများ၊ သားသတ်ရုံများနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်များ

၃၈။ ဥက္ကဋ္ဌသည် -

(က) တပ်မြို့ဈေးနှင့်တပ်မြို့သားသတ်ရုံကို သင့်လျော်သည့် အရေအတွက်အတိုင်း စီမံပြုလုပ်ထိန်းသိမ်းနိုင်သည်။ ရောင်းဝယ်ဖောက်ကားသူများ အသုံးပြုရန် ဈေးဆိုင်များ၊ ဆိုင်ခန်းများ၊ တဲများ၊ တိရစ္ဆာန်ခြံများစသည်တို့ကို အထူးစီမံဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်နိုင်သည်။ ယင်းဈေးတွင် ကုန်ပစ္စည်းများ ချိန်တွယ်ရန်အလို့ငှာ စက်ကိရိယာများ၊ အလေးချိန်ခွင်၊ တင်းတောင်းစသည်တို့ကို စီမံဆောင်ရွက်ထားနိုင်သည်။ အသား၊ ငါးနှင့်

ဟင်းသီးဟင်းရွက်များကို အရည်အသွေးညံ့ဖျင်းအောင် ဆောင်ရွက်မှုကို တားမြစ်ပိတ်ပင်ခြင်းနှင့် အရေးယူခြင်းများ ပြုလုပ်နိုင်သည်။

(ခ) အခြားသားသတ်ရုံများတွင် တိရစ္ဆာန်များကို သတ်ဖြတ်ပြီး တပ်မြို့အတွင်းသို့ ယူဆောင်လာလျှင် ဤဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည်။

(ဂ) လိုအပ်ပါက ကြေညာချက်ထုတ်ပြန်၍ တပ်မြို့ဈေး သို့မဟုတ် တပ်မြို့သားသတ်ရုံတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ပိတ်ထားနိုင်သည်။

၃၉။ တပ်မြို့အတွင်း -

(က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ တိရစ္ဆာန် သို့မဟုတ် ပစ္စည်းကိုရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ခင်းကျင်းထားခြင်း မပြုလုပ်ရ။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်သူနှင့်ရောင်းချရန် ခင်းကျင်းထားသည့် တိရစ္ဆာန်များ သို့မဟုတ် ပစ္စည်းများကို ဥက္ကဋ္ဌက တာဝန်ပေးအပ်ထားသော အရာရှိ သို့မဟုတ် အမှုထမ်းများက ယင်းနေရာမှ ဖယ်ရှားနိုင်သည်။

၄၀။ တပ်မြို့ဈေး သို့မဟုတ် တပ်မြို့သားသတ်ရုံတွင် ကောက်ခံရမည့် ဆိုင်ခွန်ဆိုင်ခနှင့် အခြားအခွန်အခများ စာရင်းကိုလည်းကောင်း၊ တပ်မြို့ဈေးနှင့် တပ်မြို့သားသတ်ရုံ အသုံးချခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကိုလည်းကောင်း မြင်သာသည့်နေရာတွင် ကပ်ထားရမည်။

၄၁။ တပ်မြို့ဈေးနှင့် တပ်မြို့သားသတ်ရုံမှတစ်ပါး အခြားနေရာများကိုဈေးနှင့် သားသတ်ရုံအဖြစ် အသုံးမပြုရ။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် အောက်ပါတိရစ္ဆာန်များ သတ်ဖြတ်ခြင်းနှင့် မသက်တိုင်စေရ -

(က) နယ်ဘက်အုပ်ချုပ်ရေးဆိုင်ရာမှ အမိန့်ကြိုတင်ရယူပြီး ဆင်ယင်ကျင်းပသော ပွဲလမ်းအခမ်းအနားများအတွက် အတွင်းရေးမှူးက သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊

(ခ) ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အတွင်းရေးမှူးက အမိန့်ထုတ်ပြန်၍ ဘာသာထုံးစံဓလေ့နှင့်အညီပြုလုပ်ရန် သို့မဟုတ် စစ်သည်များစားသောက်ရန် သီးခြားသတ်မှတ်ထားသည့်နေရာများတွင် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း။

၄၂။ မည်သူမဆို ပုဒ်မ ၄၁ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ပြီး ဈေး သို့မဟုတ် သားသတ်ရုံဖွင့်လှစ်အသုံးပြုခဲ့လျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်အထိ ချမှတ်နိုင်သည်။ ဆက်လက်ကျူးလွန်လျှင် ၎င်းအား ဆက်လက်ကျူးလွန်သည့် နေ့ရက်များအတွက် တစ်နေ့လျှင် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံးကျပ် ငါးသောင်းအထိ ထပ်မံချမှတ်နိုင်သည်။

၄၃။ ဥက္ကဋ္ဌသည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စများအတွက် စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည် -

(က) ဈေး သို့မဟုတ် သားသတ်ရုံကို ဖွင့်လှစ်နိုင်သည့်နေ့ရက်နှင့်အချိန်၊

(ခ) ဈေးနှင့်သားသတ်ရုံများ၏ စနစ်ပုံစံ၊ လေဝင်လေထွက်ပေါက်၊ ရေးစီးမြောင်းနှင့် ၎င်းတို့ကို ဆောက်လုပ်ရာတွင် အသုံးပြုမည့် ပစ္စည်းများကို သတ်မှတ်ခြင်း။

(ဂ) ဈေး၊ သားသတ်ရုံနှင့် စပ်ဆိုင်သည့်မြေ၊ အဆောက်အအုံတို့ကို သန့်ရှင်းစင်ကြယ်ရန်နှင့် ရောဂါကင်းရှင်ရန် စီမံထားစေခြင်း၊ အမှိုက်များနှင့် အညစ်အကြေးများကို သုတ်သင်ရှင်းလင်းစေခြင်း၊ ရေကောင်းရေသန့် သို့လှောင်ထားစေခြင်း၊ အများအသုံးပြုသည့် အိမ်သာများ၊ ကျင်ငယ်စွန့်သည့်နေရာများကို အလုံအလောက် စီမံထားစေခြင်းနှင့် သန့်ရှင်းအောင် အမြဲဆေးကြောစေခြင်း၊

(ဃ) သားသတ်ရုံတွင် တိရစ္ဆာန်များကို ခြံလှောင်သည့်နည်းလမ်း၊

(င) တိရစ္ဆာန်များကို သတ်ဖြတ်ရမည့်နည်းလမ်း၊

(စ) သတ်ဖြတ်ရန်ယူဆောင်လာသည့် တိရစ္ဆာန်များကို အနာရောဂါရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ လူတို့စားသုံးရန် မသင့်ကြောင်း

စစ်ဆေးတွေ့ရှိရလျှင် ၄င်းတိရစ္ဆာန်ကို သတ်ဖြတ်ခွင့်ပြင်းပယ်ခြင်း၊ အခြားနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဆ) အနာရောဂါကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ လူတို့စားသုံးရန် မသင့်ကြောင်း သတ်ဖြတ်ပြီးမှ သိရသည့်အသားများကို ဖျက်ဆီးခြင်း။

၄၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် -

(က) အဂတ်လျှော်လုပ်ငန်းလုပ်ကိုင်သူတို့ အလုပ်လုပ်ကိုင်နိုင်ရန် သင့်လျော်သည့် နေရာများကို စီမံသတ်မှတ်ပေးနိုင်သည်။ ၄င်းနေရာများကို အသုံးပြုသည့်အတွက် သင့်လျော်သည့် အခကြေးငွေများကို စည်းကြပ်တောင်းဆိုနိုင်သည်။

(ခ) ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားသော နေရာမှအပ အခြားနေရာများတွင် အဂတ်လျှော်လုပ်ငန်း လုပ်ကိုင်သူများ အဂတ်လျှော်ခြင်း မပြုလုပ်ရန် တားမြစ်နိုင်သည်။ သို့ရာတွင် မည်သူမဆို မိမိလက်ရှိ နေထိုင်သည့်နေရာ၌ မိမိ၏ အဂတ်အစားများ လျှော်ဖွပ်ခြင်းနှင့် မသက်ဆိုင်စေရ။

(ဂ) ပုဒ်မခွဲ (ခ)အရ ထုတ်ပြန်သည့် ကြေငြာစာတွင် ပါရှိသည့် တားမြစ်ချက်အား ကျူးလွန်သူကို ကျပ် ၂၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေချမှတ်နိုင်သည်။

၄၅။ (က) တပ်မြို့အတွင်း အောက်ပါလုပ်ငန်းများကို ခွင့်ပြုလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ -

(၁) ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ငှက်၊ ဘဲ စသည့် တိရစ္ဆာန်တို့ကို စီးပွားဖြစ် မွေးမြူခြင်း၊

(၂) အထက်ပါ တိရစ္ဆာန်ထွက်ပစ္စည်းများကို စီးပွားဖြစ်ရောင်းချခြင်း၊

(၃) အခြားကုန်စိမ်း၊ ကုန်ခြောက်ကို စီးပွားဖြစ် ရောင်းချခြင်း၊

(၄) မုန့်ပဲသရေစာ စီးပွားဖြစ်ရောင်းချခြင်း၊

(၅) သစ်၊ ဝါး၊ ဓနိ၊ သက်ကယ်စသော မီးလောင်လွယ်သည့် အိမ်ဆောက်ပစ္စည်းများ ရောင်းချခြင်း၊

(၆) ပုဂ္ဂလိက ဆေးကုသရေးအတွက် ဆေးခန်းဖွင့်လှစ်ခြင်း၊

(၇) မီးအန္တရာယ်ဖြစ်စေသော ရေနံ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်စသည့် လောင်စာဆီရောင်းချခြင်း၊

(၈) ဗီဒီယိုရုံ၊ ကာရာအိုကေဆိုင်၊ အင်တာနက်ကဖေး (Internet Café ရုံများ)၊ ဆိုင်များဖွင့်လှစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ခွင့်ပြုလိုင်စင်များမှာ တစ်နှစ်အတွက်သာ အတည်ဖြစ်စေရမည်။

(ဂ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများမှာ လူအများမနှစ်သက်ဖွယ် သို့မဟုတ် ဘေးဥပဒ်အန္တရာယ်ဖြစ်ဖွယ်မရှိလျှင် ဥက္ကဋ္ဌသည် သတ်မှတ်ချက်များနှင့် အညီ ခွင့်ပြုလိုင်စင်ထုတ်ပေးနိုင်သည်။

၄၆။ ပုဒ်မ ၄၅ အရ ထုတ်ပေးသည့် ခွင့်ပြုလိုင်စင်တွင် လိုင်စင်ရသူအတွက် ရောင်းဝယ် လုပ်ကိုင်ခွင့်ရသည့် နေရာ၊ ရပ်ကွက်၊ လူအများစားသုံးရန် ကုန်ပစ္စည်းအမျိုးအမည်၊ သွားလာသယ်ယူရမည့် အချိန်နာရီနှင့် နည်းလမ်းများ သတ်မှတ်ပါရှိပါရမည်။

၄၇။ ခွင့်ပြုလိုင်စင်ထုတ်ပေးသောလုပ်ငန်းကြောင့် သက်ဆိုင်ရာရပ်ကွက်တွင် အများပြည် သူငြိုငြင်ဖွယ်ဖြစ်ကြောင်း သို့မဟုတ် အသက်နှင့်ကျန်းမာရေးကိုသော်လည်းကောင်း၊ ပစ္စည်း များကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေကြောင်း သိရှိပါက ဥက္ကဋ္ဌသည် လိုင်စင်ရရှိသူ အား ယင်းနေရာရပ်ကွက်တွင် ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် သို့မဟုတ် ယင်း၏လုပ်ငန်း ကို ဘေးအန္တရာယ်မရှိသည်အထိ ပြုပြင်စရန် ညွှန်ကြားနိုင်သည်။

၄၈။ မည်သူမဆို ခွင့်ပြုလိုင်စင် လိုအပ်သည့် လုပ်ငန်းကို ခွင့်ပြုလိုင်စင်မရှိဘဲ လုပ်ကိုင် လျှင်သော်လည်းကောင်း၊ ခွင့်ပြုလိုင်စင် ယာယီရပ်ဆိုင်းထားစဉ် လုပ်ကိုင်လျှင်သော်လည်း ကောင်း၊ ခွင့်ပြုလိုင်စင်ပယ်ဖျက်ပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျှင်သော်လည်း ကောင်း၊ ပုဒ်မ ၄၇ အရ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်သော်လည်း ကောင်း၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် ထိုသူကို ငွေဒဏ်ကျပ်ငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေချမှတ်နိုင်သည်။ အကယ်၍ ပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ဆက်လက် ကျူးလွန်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် ကျပ် ၁၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေ ချမှတ်နိုင်သည်။

၄၉။ မည်သူမဆို တပ်မြို့အတွင်း လူအများအတွက် နို့နှင့်အသား စားသုံးရန် မွေးမြူထားသော တိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေတတ်သည့် အစာများကျွေးမွေးလျှင် သို့မဟုတ် စားကျက် မချရန် တားမြစ်ထားသော နေရာတွင် တိရစ္ဆာန်များကို စားကျက်ချလျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

၅၀။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကျန်းမာရေးအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌက စာဖြင့် တာဝန်ပေးအပ်ခြင်းခံရသော အမှုထမ်းသည် တပ်မြို့အတွင်း ဈေးအဆောက်အအုံ၊ ဈေးဆိုင်၊ ဈေးခန်းနှင့် အခြားနေရာများကိုစစ်ဆေးရန် အချိန်အခါမရွေး ဝင်ရောက်နိုင်သည်။ လူအများစားသုံးရန် ရောင်းချသော တိရစ္ဆာန်နှင့်စားသောက်ဖွယ်ရာများ ဆေးဝါးပြုလုပ်ရန် ရည်ရွယ်သည့် ဝတ္ထုပစ္စည်းများ၊ ယင်းကိစ္စများအတွက် အသုံးပြုသည့် အလေးတင်းတောင်း၊ ချိန်ခွင်၊ ကတ္တား၊ အိုး၊ ခွက်စသည့်ကိရိယာတန်ဆာပလာများကို ကြည့်ရှုစစ်ဆေးနိုင်သည်။ ထို့ပြင် သားသတ်ရုံအတွင်းရှိ တိရစ္ဆာန်နှင့် အရာဝတ္ထုပစ္စည်းများကိုလည်း ကြည့်ရှုစစ်ဆေးနိုင်သည်။

## အခန်း (၉)

## ပြည်သူများအန္တရာယ်ကင်းစေမှုနှင့် အနှောက်အယှက်ကင်းလွတ်စေမှုကိစ္စများ

၅၁။ မည်သူမဆို အောက်ပါပြစ်မှုတစ်ခုခုကျူးလွန်လျှင် ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည် -

(က) တပ်မြို့အတွင်းလမ်း သို့မဟုတ် အများပြည်သူနှင့်သက်ဆိုင်သော မည်သည့်နေရာတွင်မဆို -

(၁) မိမိကိုယ်ခန္ဓာတွင်စွဲကပ်လျက်ရှိသော ရောဂါ သို့မဟုတ် ချို့ယွင်းနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် အနာဒဏ်ရာများကို လှစ်ဖော်ပြသ အလှူခံခြင်း သို့မဟုတ် တောင်းရမ်းခြင်း၊

(၂) သား၊ ငါးများကို ဖုံးကွယ်ခြင်းမပြုဘဲ လူမြင်ကွင်းတွင် သယ်ဆောင်ခြင်း၊

(၃) ခွင့်ပြုချက်မရှိသော နေရာ၌ မော်တော်ကား၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးများ ရပ်ထားခြင်း၊ တိရစ္ဆာန်များကို ချည်နှောင်ထားခြင်း သို့မဟုတ် လှည်းများကို စုရုံးထားခြင်း၊

(၄) မိလ္လာ သို့မဟုတ် အခြားသော အနံ့အသက်ဆိုးများထွက်နေသည့် ပစ္စည်းနှင့်အမှိုက်များ သိမ်းဆည်းရာတွင် စည်းမဲ့ကမ်းမဲ့ပြုလုပ်ခြင်းဖြင့် ဖိတ်စင်ခြင်း သို့မဟုတ် ဖိတ်စင်သည်ကို သုတ်သင်ရှင်းလင်းရန် ပျက်ကွက်ခြင်း၊

(၅) ခွင့်ပြုမိန့်မရရှိဘဲ အဆောက်အအုံအထိမ်းအမှတ် တစ်စုံတစ်ရာ၊ တိုင်၊ နံရံ၊ ခြံစည်းရိုး၊ သစ်ပင် သို့မဟုတ် ဂုတ္တုပစ္စည်းတစ်စုံတစ်ခုပေါ်တွင် ကြော်ငြာ သို့မဟုတ် အခြားမှတ်တမ်း အမှတ်အသားများ ကပ်ခြင်း၊

(၆) ခွင့်ပြုမိန့်မရရှိဘဲ အဆောက်အအုံ အထိမ်းအမှတ်တစ်စုံတစ်ရာ၊ တိုင်၊ နံရံ၊ ခြံစည်းရိုး၊ သစ်ပင်နှင့် ဂုတ္တုပစ္စည်းတစ်စုံတစ်ခုကို အသွင်သဏ္ဌာန်ပျက်ယွင်းစေရန်ပြုလုပ်ခြင်း၊

(၇) ဤဥပဒေအရ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်ထားရှိသော ကြော်ငြာများကို အမိန့်မရဘဲ ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးအောင် ပြုလုပ်ခြင်း၊

(၈) တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ထိန်းသိမ်းထားရှိသော လူသွားစင်္ကြံ၊ ရေမြောင်း၊ ရေစီးမြောင်း၊ လမ်းဘေးခင်းကျောက်ပြားများနှင့် အခြားလမ်းနှင့် သက်ဆိုင်သည့် ဂုတ္တုပစ္စည်းများကို ခွင့်ပြုမိန့်မရရှိဘဲ နေရာရွှေ့ပြောင်းခြင်း၊ ပျက်စီးစေခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲစေခြင်း သို့မဟုတ် လမ်းမီးတိုင်၊ တပ်ဂင်လမ်းညွှန်တိုင်များ၊ မီးသတ်ခေါင်း သို့မဟုတ် ရေတိုင်ကီများ ပျက်စီးချို့ယွင်းအောင်ပြုလုပ်ခြင်း သို့မဟုတ် အများပြည်သူအကျိုးငှာ ထွန်းထားသော မီးကို ငြိမ်းသတ်ခြင်း၊ ပျက်စီးစေခြင်း၊

(၉) လူသေအလောင်းကို ပတ်ဂန်းကျင်တွင် နေထိုင်ကြသူများ သို့မဟုတ် လမ်းသွားလမ်းလာများအား အနှောက်အယှက်ဖြစ်စေမည့် သယ်ယူမှု ပြုလုပ်ခြင်း၊

(၁၀) အနာရောဂါကူးစက်ခြင်းမဖြစ်စေရန်နှင့် ကျန်းမာရေးကို ထိခိုက်ခြင်း မဖြစ်စေရန် လူသေအလောင်းကို သေသပ်စွာ သယ်ယူမှုမပြုခြင်း၊

(၁၁) လူသေအလောင်းများကို သတ်မှတ်ထားသော အချိန်နှင့်နေရာတွင် သင်္ဂြိုဟ်မှုမပြုခြင်း၊

(၁၂) မိလ္လာ၊ အညစ်အကြေးနှင့်အမှိုက်များကို သတ်မှတ်ပေးထားသော အချိန်တွင် သယ်ယူမှုမပြုခြင်း၊ သို့မဟုတ် သတ်မှတ်ထားသော ပုံစံနှင့်မကိုက်ညီသည့် ယာဉ်နှင့်သယ်ယူခြင်း သို့မဟုတ် သယ်ယူချိန် တွင် လုံခြုံစွာဖုံးအုပ်မှုမရှိခြင်း၊

(ခ) မိလ္လာနှင့်အညစ်အကြေးများကို တားမြစ်ထားသော လမ်းများမှ သယ်ယူခြင်း၊

(ဂ) တပ်မြို့အတွင်းအမှိုက်၊ ပလတ်စတစ်၊ အညစ်အကြေးနှင့်ပစ္စည်းများကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်း၊

(ဃ) မိမိနေထိုင်သည့်အဆောက်အအုံ သို့မဟုတ် မြေပေါ်တွင် ကျွဲ၊ နွား၊ ဆင်၊ မြည်း၊ လား၊ သိုး၊ ဆိတ် သို့မဟုတ် ဂက်သေပါက သေဆုံးပြီး သုံးနာရီ အတွင်း သို့မဟုတ် ညအချိန်တွင် သေဆုံးပါက နေထွက်ချိန်မှ သုံးနာရီ အတွင်း -

(၁) အတွင်းရေးမှူး သို့မဟုတ် ဤကိစ္စအတွက် ခန့်ထားသော အရာရှိထံ တိရစ္ဆာန်အသေကောင်ကို ရှင်းလင်းနိုင်ရေးအတွက် သတင်းပို့ရန် ပျက်ကွက်ခြင်း၊

(၂) အထက်ပါအတိုင်း သတင်းပို့ပြီး ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၏ ညွှန်ကြားချက်များအရ ဖယ်ရှားရှင်းလင်းပစ်ရန် ပျက်ကွက်ခြင်း။

(င) ဥက္ကဋ္ဌ၏ခွင့်ပြုမိန့်မရရှိဘဲ သို့မဟုတ် ခွင့်ပြုမိန့်ပါ လိုက်နာရမည့် စည်းကမ်းချက်များနှင့် မညီညွတ်ဘဲ မိလ္လာ၊ နောက်ချေး၊ မြေသြဇာ အမှိုက်များနှင့် အနံ့အသက်ထွက်နေသည့်ပစ္စည်းများကို သိုလှောင်ထားခြင်း၊

(စ) အိမ်သာအဖြစ် သတ်မှတ်ထားခြင်းမရှိသည့်နေရာတွင် စည်းကမ်းမဲ့စွာ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊

(ဆ) ယာဉ်များကို လမ်းပိတ်ရပ်ထားခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊

(ဇ) တပ်မြို့နယ်နိမိတ်အတွင်း လမ်းနှင့် အများပြည်သူ ဝင်ထွက်သွားလာသည့် နေရာများတွင် တိရစ္ဆာန်များကို စည်းကမ်းမဲ့လွှတ်ထားခြင်း သို့မဟုတ် ငုတ်စိုက်ချည်နှောင်ထားခြင်း။

**ခွေးများထိန်းသိမ်းရေး**

၅၂။ (က) ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိသော ခွေးများမှတ်ပုံတင်ရေးနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို သတ်မှတ်ရာတွင် အောက်ပါအချက်များ ပါဝင်စေရမည် -

(၁) တပ်စခန်းအသီးသီးတွင် မွေးမြူထားရှိသော ခွေးများအား သက်ဆိုင်ရာတပ်စခန်းများတွင် မှတ်ပုံတင်စာရင်းသွင်းထားစေခြင်း၊

(၂) မှတ်ပုံတင်ပြီးသော ခွေးတိုင်းကို ပိုင်ရှင်က လည်ပတ်ပတ်ပေးထားစေခြင်း၊

(၃) မှတ်ပုံတင်စာရင်း သွင်းထားခြင်းမပြုရသော ခွေး သို့မဟုတ် လည်ပတ်တပ်ဆင်ထားခြင်းမရှိသော ခွေးများကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့က သုတ်သင်ရှင်းလင်းစေခြင်း၊

(၄) တပ်မြို့စည်ပင်သာယာရေး အဖွဲ့ရုံးတွင် မှတ်ပုံတင်ထားသော ခွေးတိုင်းကို ပိုင်ရှင်မှ ခွေးရူးရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ဆေးကို နှစ်စဉ်ထိုးစေခြင်း၊

(၅) တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ခွေးရူးရောဂါစွဲကပ်နေသည်ဟု ခိုင်လုံစွာယူဆသော ခွေး၊ ယင်းခွေး အကိုက်ခံရသော အခြားခွေးနှင့် တိရစ္ဆာန်များကို သုတ်သင်စေခြင်း သို့မဟုတ် သတ်မှတ်ပေးထားသော ကာလအပိုင်းအခြားအတွင်း ထိန်းသိမ်းထားစေခြင်း၊

(၆) ပိုင်ရှင်မဲ့ခွေးများကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့က သုတ်သင်စေခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ခွေး သို့မဟုတ် တိရစ္ဆာန်ကို သုတ်သင်ခြင်းပြုလုပ်ပါက မည်သည့်လျော်ကြေးမျှ တောင်းဆိုပိုင်ခွင့်မရှိစေရ။

၅၃။ မည်သည့်ခွေးပိုင်ရှင် သို့မဟုတ် ခွေးထိန်းကျောင်းသူကိုမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်လျှင် ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည် -

(က) မိမိ၏ခွေးအား ပါးချုပ်မဲ့၊ နှောင်ကြိုးမဲ့ယူဆောင်လာ၍ ယင်းခွေးသည် လူတစ်ဦးတစ်ယောက်အား အနှောက်အယှက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကိုက်ခြင်း၊

(ခ) ခွေးရူးရောဂါဖြစ်ပွားချိန်တွင် ခွေးအား ပါးချုပ်မဲ့၊ နှောင်ကြိုးမဲ့လွှတ်ထားခြင်း မပြုရန် ကြော်ငြာစာထုတ်၍ တားမြစ်ခြင်းကို ဖောက်ဖျက်ခြင်း။

**ယာဉ်စည်းကမ်း**

၅၄။ တပ်မြို့အတွင်းလမ်းပေါ်တွင် ယာဉ်အမျိုးမျိုးမောင်းနှင်ခြင်း၊ ယာဉ်ဖြင့် သွားလာခြင်း သို့မဟုတ် ယာဉ်တန်းဖြင့် သွားလာခြင်းပြုရာတွင် မော်တော်ယာဉ် ဥပဒေနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏သတ်မှတ်ချက်များကို လိုက်နာရမည်။

**မီးဘေးကာကွယ်ရေးကိစ္စများ**

၅၅။ ဥက္ကဋ္ဌသည် -

(က) တပ်မြို့အတွင်း သတ်မှတ်ပေးထားသည့်နေရာ၌ တဲအိမ်များ၊ အခြား အဆောက်အအုံများ၏ အမိုးများနှင့် ပြင်ပနံရံများကို ဆောက်လုပ်ခြင်း၊

ပြင်ဆင်ခြင်း ပြုလုပ်ရာတွင် သက်ငယ်၊ ဖျာ၊ သစ်ရွက်များ သို့မဟုတ် မီးတောက်လောင်လွယ်သော ပစ္စည်းများဖြင့် မလုပ်ရဟု အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်သူအား လိုအပ်သလို ပြုပြင်ရန်စာဖြင့် ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာမထုတ်မီ တပ်မြို့အတွင်း သက်ငယ်၊ ဖျာ၊ သစ်ရွက်များ သို့မဟုတ် မီးလောင်လွယ်စေသော ပစ္စည်းများဖြင့် ဆောက်လုပ်ထားသည့် အမိုး သို့မဟုတ် နံရံပါရှိသော အဆောက်အအုံ၏ပိုင်ရှင်အား အဆိုပါ အမိုး သို့မဟုတ် နံရံကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်းဖျက်သိမ်းရန် ညွှန်ကြားနိုင်သည်။

၅၆။ ဥက္ကဋ္ဌသည် အသက်ဘေးအန္တရာယ်နှင့် ပစ္စည်းဆုံးရှုံးမှုကို ကာကွယ်ရေးအတွက် လောင်စာဆီအမျိုးမျိုးသိုလှောင်ခြင်း၊ ထင်းများ၊ မြက်ခြောက်၊ ကောက်ရိုးနှင့်အခြား မီးလောင်လွယ်သော ဝတ္ထုပစ္စည်းများ စည်းကမ်းမဲ့ စုဆောင်းခြင်း၊ စုပုံခြင်းအပြင် တပ်မြို့ရှိ မည်သည့်နေရာတွင်မဆို ခွင့်ပြုချက်မရှိဘဲ အစောင့်အရှောက်မဲ့ မီးရှို့ခြင်းများကို တားမြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြော်ငြာချက်ထုတ်နိုင်သည်။

၅၇။ မည်သူမျှ ဥက္ကဋ္ဌကစာဖြင့် ခွင့်ပြုထားသော ပွဲလမ်းသဘင် သို့မဟုတ် ဧည့်ခံပွဲများမှအပ တပ်မြို့အတွင်း မည်သည့်လမ်း၊ မည်သည့်နေရာတွင်မဆို တည်ရှိသော အဆောက်အအုံအနီးတွင် သို့မဟုတ် အများပြည်သူဆိုင်ရာနေရာတွင် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မီးထွန်းညှိခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ တပ်မြို့စည်ပင်သာယာရေးနယ်နမိတ်အတွင်း ရုပ်ပုံ၊ ကားချက်များပြသခြင်း၊ ရုပ်ရှင်၊ ဇာတ်သဘင်၊ ကဇာတ်ပြသခြင်း၊ ကာရာအိုကေ၊ တီဗွီ သို့မဟုတ် ဗီဒီယိုပြသခြင်းမပြုလုပ်ရ။

၅၉။ မည်သူမဆို ပုဒ်မ ၅၇ နှင့် ၅၈ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ကျပ်နှစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။ အကယ်၍ ပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ဆက်လက်ကျူးလွန်သည့် နေ့အသီးအသီးအတွက် တစ်ရက်လျှင် ကျပ် ၁၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

၆၀။ ပုဒ်မ ၉ အရ ဥက္ကဋ္ဌဖြစ်သော တပ်နယ်မှူး၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော တပ်များ ဖျော်ဖြေရေးအတွက် ရုပ်ရှင်၊ ဇာတ်၊ ပြဇာတ်၊ ပြပွဲခင်းကျင်းပြသခြင်းတို့သည် ပုဒ်မ ၅၈ အရ တားမြစ်ချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။ ပွဲလမ်းပြီးတိုင်း အမှိုက်၊ ပလတ်စတစ်များကို ချက်ချင်းရှင်းလင်းအောင် သန့်ရှင်းရေးပြုလုပ်ရမည်။

၆၁။ မည်သူမဆို တပ်မြို့နယ်နိမိတ်အတွင်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ပြုလျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည် -

(က) မီးကျည်၊ မီးပန်းများနှင့် ဗြောက်အိုးပြုလုပ်ခြင်း၊ သိုလှောင်ထားရှိခြင်းနှင့် ရောင်းဝယ်ခြင်း၊

(ခ) မီးရှူး၊ မီးပန်းလွှတ်ခြင်း၊ မီးကျည်များပစ်ဖောက်ခြင်း၊ ဗြောက်အိုးပစ်ဖောက် ခြင်း၊

(ဂ) မီးပုံပျံများလွှတ်ခြင်း၊

၆၂။ ဥက္ကဋ္ဌသည် တပ်မြို့တွင်းရှိ အများပြည်သူအား အနှောက်အယှက်ဖြစ်စေနိုင်သော သို့မဟုတ် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပျက်စီးနေသော အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ကမ်းပါးနှင့် သစ်ပင်စသည်များကို အမြန်ပြင်ဆင်ရန် သို့မဟုတ် ဖယ်ရှား ရန်သင့်သည်ဟု ယူဆပါက အမြန်ပြင်ဆင်ရန် သို့မဟုတ် ဖယ်ရှားရန် ပိုင်ရှင်အား စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင် ယင်းတို့ရှိနေခြင်းကြောင့် ဘေးအန္တရာယ်ချက်ချင်း ကျရောက် ဖွယ်ရာရှိသည်ဟု ယူဆပါက အများပြည်သူအား ယင်းအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အမြန်ဆုံးအရေးယူ ဆောင်ရွက်ရမည်။

၆၃။ ဥက္ကဋ္ဌသည် တပ်နယ်အတွင်းရှိ အသုံးမပြုသည့် ပိုင်ရှင်ရှိ ကွက်လပ်များပေါ်တွင် လောင်းကစားခြင်းနှင့် ဒုစရိုက်များ မပြုလုပ်နိုင်ရန် အလို့ငှာ ယင်းမြေကွက်များကို ကာရံ ထားစေရန် အချိန်ကန့်သတ်ပေး၍ စာဖြင့် ညွှန်ကြားရမည်။

## အခန်း (၁၀)

## အဆောက်အအုံများ၊ လမ်းများ၊ စည်းရိုး၊ သစ်ပင်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေး

၆၄။ မည်သူမဆိုတပ်မြို့အတွင်း အဆောက်အအုံတစ်ခုခုကို အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ အကြီးစား သို့မဟုတ် အသေးစားပြင်ဆင်ခြင်း၊ ပုံစံပြောင်းလဲခြင်း သို့မဟုတ် ခြံစည်းရိုးကာရံခြင်း၊ ဖြိုဖျက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ရန် မြေပြုပြင်ခြင်း၊ အုတ်မြစ်အတွက်တူးဖော်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် အခြားသောပြင်ဆင်ခြင်း၊ ဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုပါက ဥက္ကဋ္ဌထံ စာဖြင့် လျှောက်ထားရမည်။

၆၅။ ပုဒ်မ ၆၄ အရ လျှောက်ထားရာတွင် အောက်ပါအချက်များပါရှိရမည် -

(က) လျှောက်ထားရသည့် အကြောင်းရင်း၊

(ခ) ထုတ်ပြန်ထားသည့် စည်းကမ်းချက်နှင့်အညီ လိုအပ်ချက်များ၊

(ဂ) အဆောက်အအုံသစ်ဆောက်လုပ်ရန်ဖြစ်ပါက အဆောက်အအုံပုံစံ။

၆၆။ (က) ဥက္ကဋ္ဌသည် အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။ အကြောင်းအရာအားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သင့်လျော်သည့် အောက်ပါအချက်များနှင့်အညီ ဆောက်လုပ်စေရန် ခွင့်ပြုနိုင်သည် -

(၁) အဆောက်အအုံရှေ့တွင် မြေကွက်လပ် သို့မဟုတ်လမ်း ချန်လှပ်ထားခြင်း၊

(၂) အဆောက်အအုံပတ်လည်တွင် လေဝင်လေထွက် လွယ်ကူစေရန်၊ သန့်ရှင်းရေးပြုလုပ်နိုင်ရန်နှင့် မီးဘေးကာကွယ်မှုပြုလုပ်နိုင်ရန် နေရာချန်လှပ်ထားခြင်း၊

(၃) အဆောက်အအုံ၏ လေဝင်လေထွက်ပေါက်စီမံချက်၊ အခန်းများ၏ အနည်းဆုံးကုဗပေ၊ ဧရိယာ၊ အဆောက်အအုံ၏အထပ်အရေအတွက်နှင့် အထပ်တစ်ထပ်စီ၏အမြင့်သတ်မှတ်ခြင်း၊

(၄) မြောင်း၊ အိမ်သာ၊ ကျင်ငယ်စွန့်ရာနေရာ၊ အညစ်အကြေးထည့်ရန် ပစ္စည်းများထားရှိရမည့်နေရာနှင့် အမှိုက်ကျင်းနေရာ သတ်မှတ်ထားရှိခြင်း၊

(၅) အဆောက်အအုံအုတ်မြစ်ချရာ အနိမ့်အမြင့်နှင့် အကျယ်၊ အောက်ဆုံးထပ်အခင်း၏အနိမ့်အမြင့်နှင့် ခိုင်ခံ့မှုသတ်မှတ်ခြင်း၊

(၆) အဆောက်အအုံ၏ တံစက်မြိတ်သည် လမ်းနယ်နိမိတ်ပေါ်သို့ ကျူးကျော်ခြင်းမရှိစေရန် သတ်မှတ်ခြင်း၊

(၇) မီးလောင်မှုဖြစ်ပွားပါက အဆောက်အအုံမှ အလွယ်တကူထွက်နိုင်ရေး အတွက် ထွက်ပေါက်ထားရှိရန် သတ်မှတ်ခြင်း၊

(၈) အဆောက်အအုံပြင်ပနံရံနှင့် အခန်းအတွက်ပေါင်းစံနံရံ၊ အခင်း၊ မီးဖိုနှင့် မီးဖိုခေါင်းတိုင်ဆောက်လုပ်ရေးအတွက် အသုံးပြုရန်ပစ္စည်းများနှင့် ဆောက်လုပ်ရန် စည်းကမ်းများ သတ်မှတ်ခြင်း၊

(၉) လူများနေထိုင်ရန် သို့မဟုတ် ချက်ပြုတ်ရန် အဆောက်အအုံအပေါ်ဆုံးထပ် အမိုး၊ အမြင့်နှင့် ဆင်ခြေလျှောသတ်မှတ်ခြင်း၊

(၁၀) အဆောက်အအုံသန့်ရှင်းရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များသတ်မှတ်ခြင်း။

(ခ) ဥက္ကဋ္ဌသည် အဆောက်အအုံဆောက်လုပ်ခြင်းကြောင့် အခြားအဆောက်အအုံတစ်ခုကို ထိခိုက်ရန် အကြောင်းရှိလျှင်သော်လည်းကောင်း၊ နေထိုင်သူများအကျိုးငှာ အဆောက်အအုံများ ပြွတ်သိပ်ခြင်းမရှိစေရန်သော်လည်းကောင်း၊ ဆောက်လုပ်ခွင့်ကို ငြင်းပယ်နိုင်သည်။ ထိုသို့ငြင်းပယ်ပါက အဆောက်အအုံဆောက်လုပ်လိုသူထံသို့ ငြင်းပယ်ရခြင်းအကြောင်းပြချက်ဖော်ပြ၍ ပန်ကြားရမည်။

၆၇။ (က) အဆောက်အအုံဆောက်လုပ်ခွင့်ကို ငြင်းပယ်ခြင်းကြောင့်ဖြစ်စေ၊ ဤဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်တစ်စုံတစ်ခု

ကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် လျော်ကြေးတောင်းဆို ပိုင်ခွင့်မရှိစေရ။

(ခ) ဆောက်လုပ်ခွင့်ပြုပြီးနောက် ဆောက်လုပ်ခြင်းကို ပုဒ်မ ၆၆၊ ပုဒ်မခွဲ(က) အရ မဟုတ်ဘဲ အခြားတားမြစ်ခြင်းကြောင့်သော်လည်းကောင်း၊ မိမိပိုင်မြေကို လမ်းမြေတွင် ထည့်သွင်းခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ အမှန်တကယ် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် တပ်မြို့စည်ပင်သာယာရေးအဖွဲ့ထံမှ လျော်ကြေးတောင်းဆိုပိုင်ခွင့်ရှိသည်။

၆၈။ (က) ဥက္ကဋ္ဌက ခွင့်ပြုခဲ့သော အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုချက်သည် ယင်း ခွင့်ပြုချက်ပါနေ့မှစ၍ တစ်နှစ်တာကာလအတွက်သာ အတည်ဖြစ်စေ ရမည်။

(ခ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုချက်ရထားသူ သို့မဟုတ် တရားဝင် တောင်းဆိုပိုင်ခွင့်ရှိသူသည် ဆောက်လုပ်ခွင့်ရရှိပြီးသော အဆောက်အအုံကို တစ်နှစ်တာကာလအတွင်း ခွင့်ပြုချက်ရရှိထားသည့် ပုံစံအတိုင်းအပြီး ဆောက်လုပ်ရမည်။

(ဂ) ခွင့်ပြုကာလကုန်ဆုံးသည့်တိုင် မဆောက်လုပ်ဖြစ်လျှင်ဖြစ်စေ၊ ဆောက်လုပ်၍ မပြီးသေးလျှင်ဖြစ်စေ၊ ခွင့်ပြုချက်အသစ်ထပ်မံတောင်းခံရယူပြီးမှသာလျှင် ဆက်လက်ဆောက်လုပ်ရမည်။

၆၉။ မည်သူမဆိုအောက်ပါ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည် -

(က) ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊

(ခ) ပုဒ်မ ၆၆ ပါအချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပြုချက်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အဆောက်အအုံကို စတင်ဆောက် လုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောက်လုပ်ခြင်း။

၇၀။ ဥက္ကဋ္ဌသည် ပုဒ် ၆၆ ပါအချက်များကို လိုက်နာခြင်းမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့်စပ်လျဉ်း၍ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ဆောက်လုပ်

နေသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ မည်သည့် အစိတ်အပိုင်းကိုမဆို လိုအပ်သလို ပြန်လည်ပြုပြင်ဆောက်လုပ်ရန် သို့မဟုတ် လုံးဝဖျက်သိမ်းရန် ညွှန်ကြားနိုင်သည်။

၇၁။ ဥက္ကဋ္ဌသည် အောက်ကိစ္စရပ်များကို သတ်မှတ်နိုင်သည် -

(က) တပ်မြို့အတွင်း အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုရန်လျှောက်လွှာနှင့်အတူ ဆောက်လုပ်မည့် အဆောက်အအုံအကြောင်းအရာ ဖော်ပြချက်များနှင့် ပုံစံများကို ဥက္ကဋ္ဌထံသို့ ပေးပို့သည့်နည်းလမ်း၊

(ခ) သတ်မှတ်ထားသော နယ်မြေတွင် ဆောက်လုပ်ခွင့်ရှိသည့် အဆောက်အအုံ အမျိုးအစားနှင့်ပုံသဏ္ဍာန်၊

(ဂ) ဆောက်လုပ်မည့် အဆောက်အအုံ၏အခန်းများအတွက် အနည်းဆုံး ကုဗပေဧရိယာသတ်မှတ်ချက်များ၊

(ဃ) တပ်မြို့အတွင်း ဆောက်လုပ်နိုင်မည့် အဆောက်အအုံပုံစံများ သို့မဟုတ် အသေးစိတ်ဖော်ပြချက်များအတွက် တပ်မြို့စည်ပင်သာယာရေးအဖွဲ့သို့ ပေးဆောင်ရမည့် အခကြေးငွေသတ်မှတ်ချက်များ။

၇၂။ အဆောက်အအုံများ၏ အဖီအဆွယ် ဆင်ဝင်ကိစ္စများနှင့် စပ်လျဉ်း၍ -

(က) တပ်မြို့အတွင်း အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူသည် ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ အခြားအဆောက်အအုံ၊ အမိုး၊ လမ်း၊ မြောင်း၊ မိလ္လာ၊ ရေပြွန် သို့မဟုတ် ရေတူးမြောင်းပေါ်တွင် မိုးနေမည့် အစွန်း သို့မဟုတ် ဆင်ဝင်စွန်းထွက်နေခြင်း သို့မဟုတ် လမ်းပေါ်သို့ ကျူးကျော်နေမည့် အမိုး၊ တံစက်မြိတ်အစွန်းများ ထားရှိခြင်းမပြုလုပ်ရ။

(ခ) ဥက္ကဋ္ဌသည် ယင်းအစွန်း သို့မဟုတ် ကျူးကျော်မှုကို ပြုပြင်ရန်၊ ဖယ်ရှားရန် ပိုင်ရှင် သို့မဟုတ် နေထိုင်သူအား စာဖြင့် ညွှန်ကြားနိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် သတ်မှတ်ထားသော လမ်းအချို့ရှိ အဆောက်အအုံ၏ပိုင်ရှင် သို့မဟုတ် နေထိုင်သူအား အဆောက်အအုံ၏အထက်ထပ်တွင် အောက်ဆုံး အထပ်နံရံမှ သတ်မှတ်ပေးထားသည့် အကွာအဝေးနှင့် လမ်းမျက်နှာပြင်မှ

အထက်သတ်မှတ်ပေးထားသည့် အမြင့်တွင် အစွန်းထုတ်၍ အမိုးမပါ ဂရန်တာများ သို့မဟုတ် လသာဆောင်များကို ခွင့်ချက်အနေဖြင့် စစ်ဆေး ဆောက်လုပ်ခွင့်ပြုနိုင်သည်။

၇၃။ တပ်မြို့အတွင်းရှိ အများသုံးမိလ္လာပြွန်၊ ရေမြောင်း၊ လမ်းကူးပြွန်၊ ရေသွယ်မြောင်း သို့မဟုတ် ရေပြွန်ပေါ်တွင် ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခဲ့လျှင် ယင်းအဆောက်အအုံကို ဖျက်သိမ်းရန် သို့မဟုတ် သင့်လျော်သလို ပြုပြင်ရန် ဥက္ကဋ္ဌက ညွှန်ကြားနိုင်သည်။

၇၄။ ရေဆိုး၊ ရေစီးမြောင်းစသည်များ ဆောက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ -

(က) ဥက္ကဋ္ဌသည် လမ်းတွင်ရှိ အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား အဆောက်အအုံမှ မိုးရေများစီးဆင်းနိုင်ရေးအတွက် ရေတံလျှောက်များနှင့် ရေသယ်ပြွန်များကို ၎င်းတို့၏ စရိတ်ဖြင့် တပ်ဆင်ရန် ညွှန်ကြားနိုင်သည်။

(ခ) အိမ်ဝင်း၊ လမ်းကြား သို့မဟုတ် အဆောက်အအုံများကြားရှိ လမ်းမြောင်ကို ရေဝပ်ခြင်း၊ ရေအိုင်ခြင်းမှ ကာကွယ်ရန် ပြုပြင်ထိန်းသိမ်းစေနိုင်သည်။

၇၅။ (က) ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိ လမ်းနှင့်မြေများပေါ်တွင် ပြည်သူ၏လုံခြုံမှုနှင့် လွယ်ကူစွာသွားလာမှုကို မထိခိုက်စေမည့် စည်းကမ်းချက်များနှင့် အခကြေးငွေ သတ်မှတ်ပြီး အောက်ပါကိစ္စရပ်များအတွက် ယာယီအသုံးပြုခွင့်ပေးနိုင်သည် -

(၁) အဆောက်အအုံဆောက်လုပ်ရန် ပစ္စည်းစုပုံခြင်း၊

(၂) ယာယီလမ်းဖောက်လုပ်ခြင်း၊

(၃) ယာယီအဆောက်အအုံ ဆောက်လုပ်ခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုချက်ကို ဥက္ကဋ္ဌက ပြန်လည်ရုပ်သိမ်းနိုင်သည်။

၇၆။ ဥက္ကဋ္ဌသည်လမ်းဖွင့်ခွင့်၊ ပိတ်ခွင့်တို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) သက်ဆိုင်ရာတိုင်းမှူး၏ခွင့်ပြုချက်ဖြင့် မည်သည့်လမ်းကိုမဆို အမြဲတမ်း ပိတ်ပင်ခြင်း သို့မဟုတ် ဖွင့်လှစ်ခြင်း၊

(ခ) တပ်မြို့အတွင်းရှိ လမ်း သို့မဟုတ် လမ်း၏တစ်စိတ်တစ်ဒေသကို ပြင်ဆင်ရန် ဖြစ်စေ၊ ရေစီးမြောင်း၊ ရေပေးဝေရေးလုပ်ငန်းနှင့် ဤဥပဒေအရပြုလုပ်ရမည့် တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ အများသိစေရန် ကြေညာ၍ ယင်းလမ်း ကို ယာယီပိတ်ထားခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းလုပ်ဆောင်ခြင်းကြောင့် အများပြည်သူ၏အသက်အိုး အိမ်ပစ္စည်းများကို အန္တရာယ်ပြုနိုင်စရာအကြောင်းရှိလျှင် လုံခြုံရေးအတွက် အတားအဆီး အကာအကွယ်များ ပြုလုပ်ပေးစေရမည့်အပြင် အဆိုပါ အတား အဆီးအကာအကွယ်တွင် နေဝင်ချိန်မှ နေထွက်ချိန်အထိ လုံလောက်စွာ မီးထွန်းညှိပေးခြင်း၊

(ဃ) ပတ်ဝန်းကျင်ရှိ အဆောက်အအုံများနှင့် မြေကွက်ကို ကာကွယ်မှုပြုလုပ်ပေး ရမည့်အပြင် ယင်းအဆောက်အအုံများနှင့် မြေသို့ ဝင်ထွက်သွားလာနိုင်ရေး အတွက် သင့်လျော်သလိုဆောင်ရွက်ပေးခြင်း။

၇၇။ ဥက္ကဋ္ဌသည် -

(က) တပ်မြို့အတွင်းရှိ လမ်းတစ်ခုစီကို အမည်တစ်ခုစီပေးနိုင်သည်။

(ခ) တပ်မြို့အတွင်းရှိ အဆောက်အအုံများကို အိမ်နံပါတ်တပ်ဆင်စေရမည်။

(ဂ) မည်သူမဆို တပ်ဆင်ထားသော လမ်းအမည် သို့မဟုတ် အိမ်နံပါတ်ကို ဖျက်ဆီးခြင်း၊ ဆွဲဖြုတ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် မူလရေးသားထားသော အမည် သို့မဟုတ် နံပါတ်အစား ကွဲပြားခြားနား သည့် အမည် သို့မဟုတ် နံပါတ်တပ်ဆင်ခြင်းပြုလုပ်လျှင် ကျပ်တစ်သောင်း ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

၇၈။ ဥက္ကဋ္ဌသည် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား အောက်ပါအတိုင်းစာဖြင့် ညွှန်ကြားနိုင်သည် -

(က) နယ်နိမိတ်နံရံ၊ စည်းရိုးဝင်းခြံအကာအရံကို မသင့်လျော်ဟုယူဆလျှင် ဖယ်ရှားစေခြင်း၊

(ခ) နယ်နိမိတ်နံရံ၊ စည်းရိုးဝင်းခြံအကာအရံတို့၏ အတိုင်းအတာနှင့် ယင်းတို့ကို ဆောက်လုပ်ရာတွင် အသုံးပြုရမည့် ပစ္စည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဂ) ဆောက်လုပ်ထားသော နယ်နမိတ်၊ နံရံ၊ ဝင်းခြံအကာအရံ၊ ခြံစည်းရိုးပင်များကို ထိန်းသိမ်းပြုပြင်ထားစေခြင်း။

၇၉။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိ ပုဂ္ဂလိကပိုင် ဝင်းခြံအတွင်းမှ အများပြည်သူအား ဘေးအန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် တပ်မြို့သာယာလှပမှုကို ထိခိုက်စေနိုင်သော မည်သည့်သစ်ပင်ကိုမဆို သတ်မှတ်ထားသော နေ့ရက်အတွင်း အပြီးရှင်းလင်းဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၈၀။ မည်သူမဆို ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရရှိဘဲ တပ်မြို့အတွင်းရှိ ပုဂ္ဂလိကပိုင်မဟုတ်သော မည်သည့်နေရာကိုမဆို တူးဖော်လျှင် ထိုသူကို ကျပ်နှစ်သောင်းထက် မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်နေလျှင် ကျူးလွန်သည့်ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

၈၁။ တပ်မြို့အတွင်း ကျောက်၊ မြေ သို့မဟုတ် အခြားပစ္စည်းများ တူးဖော်သယ်ယူခြင်းသည် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသည် သို့မဟုတ် အန္တရာယ်ကျရောက်စေသည်ဟု ယူဆလျှင် ဥက္ကဋ္ဌသည် အဆိုပါ နေရာ၏ပိုင်ရှင်၊ ငှားယူထားသူ သို့မဟုတ် နေထိုင်သူအား ထိုသို့တူးဖော်ခြင်း၊ သယ်ယူခြင်းများကို ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် စာဖြင့်တားမြစ်ခြင်း သို့မဟုတ် ဘေးအန္တရာယ်မှ လိုအပ်သလို အကာအကွယ်ပြုလုပ်စေရန် ညွှန်ကြားခြင်းကို ဆောင်ရွက်နိုင်သည်။

၈၂။ မည်သူမဆို ပုဒ်မ ၈၁ အရ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် ကျပ်နှစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

## အခန်း(၁၁)
## တပ်မြို့ကျန်းမာသန့်ရှင်းရေး

၈၃။ တပ်မြို့အတွင်းရှိ သီးခြားသတ်မှတ်ဖော်ပြထားသော ဒေသတွင် ကျန်းမာရေး သန့်ရှင်းရေးအတွက် အောက်ပါအရာရှိများက အကြံပြုချက်နှင့်အတူ ဉက္ကဋ္ဌထံ အစီရင်ခံစာကို တင်ပြရမည် -

(က) တပ်မတော်မှ အသုံးပြုသော အဆောက်အအုံနှင့်မြေများအတွက် သက်ဆိုင်ရာ တပ်မှူး သို့မဟုတ် တပ်နယ်မှူး၊

(ခ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ အစိုးရနယ်ဘက် ဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးထားသော မြေများနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့်မြေများအတွက် နယ်ဘက်ဌာနဆိုင်ရာတာဝန်ခံများ၊

(ဂ) တပ်မြို့ကျန်းမာသန့်ရှင်းရေးအတွက် တာဝန်ပေးခြင်းခံရသည့် တပ်မတော်ဆေးတပ်ဖွဲ့မှ အရာရှိ (ဆေးမှူး) သို့မဟုတ် မြို့နယ်ကျန်းမာရေးရာရှိများ။

၈၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ ဆောက်လုပ်ထိန်းသိမ်းရသော အများပြည်သူအသုံးပြုသည့် အိမ်သာများနှင့်ကျင်ငယ်စွန့်ရာနေရာများတွင် အမျိုးသားနှင့် အမျိုးသမီးများအတွက် သီးသန့်အခန်းများဆောက်လုပ်ရမည့်အပြင် ၄င်းတို့အား အချိန်မှန်ဆေးကြောသန့်စင်ရေးနှင့် စနစ်တကျထားရှိရေးတို့အတွက် လိုအပ်သော သန့်ရှင်းရေးအမှုထမ်းများ ခန့်ထားပေးရမည်။

၈၅။ အဆောက်အအုံ သို့မဟုတ် မြေကွက်ပိုင်ရှင်သည် အညစ်အကြေးများ သိမ်းဆည်းပေးရန် လျှောက်ထားလာလျှင် လိုအပ်သည့် အချိန်ကာလအတွက် အခနှုန်းထားများ သတ်မှတ်ပြီး ဆောင်ရွက်ပေးနိုင်သည်။ ၄င်းကိစ္စအတွက် လျှောက်ထားခြင်းမရှိသော်လည်း လိုအပ်လျှင် ဉက္ကဋ္ဌက ၄င်းအားစာဖြင့်အကြောင်းကြား၍ သန့်ရှင်းရေးကို အခနှုန်းထားသတ်မှတ်ပြီး ဆောင်ရွက်ပေးနိုင်သည်။

၈၆။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် အမှိုက်များ၊ အနံ့အသက်ဆိုးဝါးသော ပစ္စည်းများ တိရစ္ဆာန်အသေကောင်များနှင့် ရေပုပ်ရေဆိုးများအတွက် ယာယီ

သိုလှောင်နိုင်ရန် နှင့်စွန့်ပစ်ရန် သင့်လျော်မည့်နေရာများကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် အညစ်အကြေးနှင့်စပ်လျဉ်း၍ မည်သည့်အချိန်တွင် မည်သို့သယ်ယူရမည်ဟူသော အကြောင်းအချက်များအပေါ် အခြေခံ၍ လမ်းပေါ်မှ သယ်ဆောင်သွားခြင်း၊ စုပုံထားခြင်း သို့မဟုတ် ဖျက်ဆီးပစ်ခြင်းအစရှိသည်များကို ပြုလုပ်ရန် ဥက္ကဋ္ဌသည် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(ဂ) အမှိုက်ထည့်ရန်ပစ္စည်းနှင့် အမှိုက်သိုလှောင်ရုံများ သို့မဟုတ် ယင်းနေရာများတွင် စုပုံထားသည့် အမှိုက်များသည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ပစ္စည်းဖြစ်ရမည်။

၈၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် အကြောင်းကြားစာပေးပို့၍ တပ်မြို့အတွင်းရှိ အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည် -

(က) မြေ သို့မဟုတ် အဆောက်အအုံနှင့်ဆက်စပ်နေသော အညစ်အကြေးတွင်းသည် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေသည်ဟု ထင်မြင်ယူဆလျှင် ပိတ်စေခြင်း သို့မဟုတ် အသစ်ပြုလုပ်စေခြင်း၊

(ခ) မြေပေါ် သို့မဟုတ် အဆောက်အအုံအတွင်း စုပုံသော အညစ်အကြေးများထည့်ရန် ပုံးများကို သန့်ရှင်းစင်ကြယ်စွာ ထားရှိစေခြင်း၊

(ဂ) အိမ်သာနှင့်ကျင်ငယ်စွန့်ရာနေရာမှ အနံ့အသက်ဆိုးဝါးသော ရေဆိုးများကို အများသုံးရေမြောင်းအတွင်းသို့ စီးဆင်းစိမ့်ဝင်မှုမရှိရန် ဆောင်ရွက်စေခြင်း၊

(ဃ) သန့်ရှင်းရေးအလုပ်သမားများ သယ်ယူနိုင်ရေးအတွက် သတ်မှတ်ထားသည့် အမှိုက်ပုံး သို့မဟုတ် နေရာတွင် အမှိုက်သရိုက်နှင့် အနံ့ဆိုးထွက်နေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် အချိန်အတွင်း စွန့်ပစ်စေခြင်း၊

(င) တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ရေမြောင်းကို လွှဲပြောင်းခြင်း၊ ရေမြောင်းအသစ်ဖောက်လုပ်ခြင်း မပြုစေရန် ညွှန်ကြားခြင်း၊

(စ) မိမိတို့ ပိုင်နက်အတွင်းမှ ရေမြောင်းအား သန့်ရှင်းစေရန် အချိန်သတ်မှတ်ပြီး လွှဲပြောင်းပြင်ဆင်စေခြင်း၊

၈၈။ ကျန်းမာရေးအရာရှိက တပ်မြို့အတွင်းရှိ ကိုယ်ပိုင်ခြံဝင်းအတွင်းမှ ရေတွင်း၊ ရေကန်၊ ရေသိုလှောင်ကန်စသည်တို့သည် ခြင်များပေါက်ဖွားရာနေရာများဖြစ်သည် သို့မဟုတ် အများပြည်သူကျန်းမာရေးအတွက် ထိခိုက်စေနိုင်သည်ဟု တင်ပြလျှင် ဥက္ကဋ္ဌသည် သက်ဆိုင်သူအား သတ်မှတ်သည့်အချိန်အတွင်း ယင်းရေတွင်း၊ ရေကန်စသည်တို့ကို မြေဖို့ခြင်း၊ ဖုံးဖိထားစေခြင်းနှင့် ရေကိုထုတ်ပစ်ခြင်းများ ပြုလုပ်စေရန် ညွှန်ကြားနိုင်သည်။

၈၉။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိအဆောက်အအုံ သို့မဟုတ် မြေပိုင်နှင့် လက်ရှိနေထိုင်သူအား အိမ်သာ၊ ကျင်ငယ်စွန့်ရန်နေရာ အမှိုက်ပုံး၊ အညစ်အကြေးတွင်း၊ အမှိုက်ထည့်ရန်ပစ္စည်းများကို သတ်မှတ်သည့်ပုံစံနှင့် လိုအပ်သည့် အရေအတွက်အတိုင်း ထားရှိရန်စာဖြင့် ညွှန်ကြားနိုင်သည်။

၉၀။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်းတွင် အလုပ်သမားငါးဦးထက်ပို၍ ရှိသော လုပ်ငန်းရှင်များအားလည်းကောင်း၊ ဈေး၊ ကျောင်း၊ ရုပ်ရှင်ရုံ သို့မဟုတ် အများပြည်သူအသုံးပြုနေသည့်နေရာကို စီမံအုပ်ချုပ်သူအားလည်းကောင်း၊ လိုအပ်သော အိမ်သာ၊ ကျင်ငယ်စွန့်ရာနေရာများထားရှိရန်နှင့် ယင်းတို့သန့်ရှင်းစင်ကြယ်ရေးအတွက် သတ်မှတ်အရေအတွက်အတိုင်း အလုပ်သမားခန့်ထားစေရန် ညွှန်ကြားနိုင်သည်။

၉၁။ (က) ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိ အဆောက်အအုံများအား အောက်ပါအချက်များကြောင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိဟု ယူဆလျှင် အဖွဲ့ငယ်ဖွဲ့စည်း၍ စစ်ဆေးနိုင်သည် -

(၁) ကျပ်တည်းပွတ်သိပ်စွာ ဆောက်လုပ်ထားခြင်း၊

(၂) ရေမြောင်းများစနစ်တကျဖောက်လုပ်မထားခြင်း၊

(၃) လေကောင်းလေသန့်မရခြင်း၊

(၄) အဆောက်အအုံများအကြား လမ်းများကျဉ်းမြောင်းခြင်း။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသည့် အဖွဲ့ငယ်တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည် -

(၁) တပ်နယ်မှ ကိုယ်စားလှယ်အရာရှိတစ်ဦး၊

(၂) တပ်နယ်ကျန်းမာရေးအရာရှိတစ်ဦး၊

(၃) ဆောက်လုပ်ရေး(အင်ဂျင်နီယာ)တပ်မှ အရာရှိတစ်ဦး၊

(၄) သက်ဆိုင်ရာမြို့နယ်အဆင့်မှ ကိုယ်စားလှယ်အရာရှိတစ်ဦး။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ဖွဲ့စည်းသောအဖွဲ့ငယ်သည် ဥက္ကဋ္ဌထံသို့ အဆောက်အဦးများ၏အခြေအနေနှင့် နေထိုင်သူများအတွက် ကျန်းမာသန့်ရှင်းရေး အခြေအနေကို အစီရင်ခံတင်ပြရမည်။ ယင်းအစီရင်ခံစာတွင် နေထိုင်သူများနှင့် ပတ်ဝန်းကျင်အား ကျန်းမာရေးထိခိုက်နိုင်ဖွယ်ရာရှိမည်ဟု ယူဆလျှင် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဖယ်ရှားပစ်နိုင်ရန် သင့်သည်ဟု ဆောက်လုပ်ရေး (အင်ဂျင်နီယာ)တပ်မှ အရာရှိက ထောက်ခံသည့် အဆောက်အအုံများ၊ လမ်းများ၊ ရေမြောင်းများကို မြေပုံပေါ်တွင် ပေါ်လွင်စွာ ဖော်ပြပြီး အစီရင်ခံစာနှင့်အတူ တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌသည် ပုဒ်မခွဲ(ဂ)အရ တင်ပြသည့် အစီရင်ခံစာရရှိသည့်အခါ ဖယ်ရှားသင့်သည်ဟု ယူဆသည့်အဆောက်အအုံများ၊ လမ်းများ၊ ရေမြောင်းများကို ဖယ်ရှားပေးရန် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပိုင်ရှင်အားစာဖြင့် အကြောင်းကြားနိုင်သည်။ ယင်းသို့ဖယ်ရှားရသည့်အတွက် လျော်ကြေး သို့မဟုတ် ပြောင်းရွှေ့ဆောက်လုပ်ရသည့် ကုန်ကျစရိတ်များကို တည်ဆဲဥပဒေစည်းမျဉ်းများအရ ပေးလျော်ရန် ဥက္ကဋ္ဌက ဆောင်ရွက်ရမည်။

၉၂။ (က) တပ်မြို့အတွင်းရှိ အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏တစ်စိတ်တစ်ဒေသတွင် နေထိုင်သူဦးရေပြည့်ကြပ်နေသဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သည်ဟု ယူဆလျှင် ဥက္ကဋ္ဌသည် လိုအပ်သော စစ်ဆေးမှုပြုလုပ်၍ ပိုင်ရှင် သို့မဟုတ် နေထိုင်သူအား တစ်လထက်မနည်းသော အချိန်အတွင်း နေထိုင်သူဦးရေ လျှော့ပေါ့သွားရန် အလို့ငှာ ငှားရမ်းနေထိုင်သူ၊ တည်းခိုနေထိုင်သူ၊ မှီတင်းနေထိုင်သူ ဦးရေမည်မျှလျှော့ချပစ်ရန် စာဖြင့် အကြောင်းကြားနိုင်သည်။

(ခ) ပိုင်ရှင် သို့မဟုတ် နေထိုင်သူသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လိုက်နာဆောင်ရွက်ရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်လျှင် ယင်းအားကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။ ဆက်လက်၍ ပျက်ကွက်နေလျှင် ပျက်ကွက်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ် ၅၀၀ ချမှတ်နိုင်သည်။

၉၃။ တပ်မြို့အတွင်းရှိ အဆောက်အအုံတစ်ခုခုသည် ပျက်စီးယိုယွင်းနေသဖြင့် ကျန်းမာသန့်ရှင်းမှုမရှိဟု ဥက္ကဋ္ဌက ထင်မြင်လျှင် ပိုင်ရှင်အား သတ်မှတ်ပေးထားသော အချိန်အတွင်း ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ရန် စာဖြင့်အကြောင်းကြားနိုင်သည်။ လူနေထိုင်ရန် သင့်လျော်စွာ ဆောင်ရွက်မှုများပြုလုပ်ပြီးမှသာ နေထိုင်ခွင့်ပြုရမည်။ အထက်ပါအတိုင်း စာဖြင့် အကြောင်းကြားရာတွင် ဖော်ပြထားသော အဆောက်အအုံပိုင်ရှင်သည် ပြင်ဆင်ပြောင်းလဲခြင်းမပြုတော့ဘဲ အဆောက်အအုံအား လုံးဝဖျက်သိမ်းပစ်လျှင် ဤအကြောင်းကြားစာကို လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၉၄။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်းရှိ အဆောက်အအုံ သို့မဟုတ် မြေနှင့်စပ်လျဉ်း၍ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်အထိ ညစ်ညမ်းနေသည်ဟုယူဆလျှင် ပိုင်ရှင် သို့မဟုတ် နေထိုင်သူအား သန့်ရှင်းရေးကို ၂၄ နာရီအတွင်း ဆောင်ရွက်ရန် စာဖြင့် အကြောင်းကြားနိုင်သည်။ ယင်းအကြောင်းကြားချက်တွင် ချုံနွယ်ပိတ်ပေါင်းများကိုပါ ခုတ်ထွင်ရှင်းလင်းပေးရန် ထည့်သွင်းဖော်ပြနိုင်သည်။

၉၅။ သုသာန်မြေနှင့်စပ်လျဉ်း၍ -

(က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် တပ်မြို့အတွင်း သင့်လျော်သည့် မြေနေရာကို သုသာန်မြေအဖြစ် သတ်မှတ်အသုံးပြုနိုင်သည်။

(ခ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် သုသာန်မြေတွင် လိုအပ်သည့်အစောင့်အလုပ်သမားများ ခန့်ထားရမည်။

(ဂ) ဥက္ကဋ္ဌသည် သုသာန်မြေအတွက် လိုအပ်မည့်စည်းကမ်းများ သတ်မှတ်ကြေညာဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်သည် တပ်မတော်စစ်သင်္ချိုင်းများနှင့်လည်း ကောင်း၊ သက်ဆိုင်ရာစည်ပင်သာယာ ရေးကော်မတီနှင့်အဖွဲ့များက ကြီးကြပ်သော သုသာန်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၉၆။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်းမှ လူသေအလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ရန် သို့မဟုတ် မီးသင်္ဂြိုဟ်ရန် သယ်ယူပို့ဆောင်ရမည့်လမ်းကို ကြေညာ၍ သတ်မှတ်ပေးနိုင်သည်။

၉၇။ ကျန်းမာရေးအရာရှိ သို့မဟုတ် တပ်မြို့စည်ပင်သာယာရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ၏ အမိန့်တစ်စုံတစ်ရာမရှိဘဲ မည်သူမဆို လူသေအလောင်းများကို သေဆုံးပြီးနောက် ၇၂ နာရီထက်ကျော်၍ သင်္ဂြိုဟ်ခြင်းမပြုဘဲ မထားရှိရ။ သေဆုံးသောရောဂါသည် ကူးစက်တတ်သော ရောဂါဖြစ်လျှင်သေဆုံးပြီးနောက် ၁၂ နာရီအတွင်း မြှုပ်နှံခြင်း၊ မီးသင်္ဂြိုဟ်ခြင်းပြုလုပ်ရမည်။ ဆင်းရဲနွမ်းပါးသော မိသားစုဖြစ်ပါက တပ်မြို့စည်ပင်သာယာရေးအဖွဲ့က စရိတ်ခံ၍ သင်္ဂြိုဟ်ပေးရမည်။

၉၈။ အောက်ပါပုဂ္ဂိုလ်များသည် တပ်မြို့အတွင်းရှိ ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသောလူနာမှအပ အခြားသူတစ်ဦးဦးတွင် ကူးစက်တတ်သောရောဂါဖြစ်ပွားနေကြောင်းကို ကျန်းမာရေးရာရှိ သို့မဟုတ် တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ပေးအပ်ထားသူထံသို့ အမြန်ဆုံးသတင်းပို့ရမည် -

(က) အသက်မွေးဝမ်းကျောင်းမှုအတွက် ဆေးကုသည့်မှတ်ပုံတင်ဆရာဝန်များ၊

(ခ) ရောဂါဖြစ်ပွားသော လူနာရှိသည့်အိမ်၏အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်ဦးစီးကိုယ်တိုင် ရောဂါဝေဒနာခံစားနေရပါက အိမ်ရှိအရွယ်ရောက်ပြီးသူတစ်ဦး၊

(ဂ) ရောဂါဖြစ်ပွားသူကို စောင့်ရှောက်နေရသူ။

၉၉။ ကျန်းမာရေးအရာရှိ သို့မဟုတ် တပ်မြို့စည်ပင်သာယာရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူသည် မည်သည့်အချိန်အခါမဆို ကူးစက်တတ်သော ရောဂါဖြစ်ပွား သူရှိသည်ဟု ယူဆရသော အဆောက်အအုံအတွင်းသို့ ဝင်ရောက်စစ်ဆေးနိုင်သည်။

၁၀၀။ တပ်မြို့အတွင်းအခြေအနေအတည်တကျမရှိဘဲ နေထိုင်သူမည်သူမဆို ကူးစက်တတ်သောရောဂါဖြစ်ပွားနေကြောင်း သိရှိလျှင် ကျန်းမာရေးအရာရှိ သို့မဟုတ် တပ်မြို့စည်ပင်

သာယာရေးအဖွဲ့ကတာဝန် ပေးအပ်ခြင်းခံရသူသည် ထိုသူအား သက်ဆိုင်ရာဆေးရုံတင်ပို့ရန် ဆောင်ရွက်ပေးရမည်။ ယင်းလူနာသည် ကျန်းမာရေးအရာရှိ၏ခွင့်ပြုချက်ရရှိမှသာ ဆေးရုံမှ ဆင်းရမည်။

၁၀၁။ (က) ကူးစက်တတ်သော ရောဂါရှိနေသူသည် သေချာစွာကုသကာကွယ်မှု ပြုလုပ်ခြင်းမရှိဘဲ အများပြည်သူသွားလာရာ နေရာများသို့ ဝင်ထွက်သွားလာခြင်း မပြုရ၊

(ခ) ကူးစက်တတ်သော ရောဂါရှိသူ၏ အုပ်ထိန်းသူသည် ရောဂါရှိသူကို အများပြည်သူများအား ပြသခြင်းမပြုရ၊

(ဂ) ကူးစက်တတ်သောရောဂါဖြစ်သူ၏ အသုံးအဆောင်ပစ္စည်းများကို ရောဂါပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်ခြင်းမပြုဘဲ ထပ်မံသုံးစွဲခြင်းမပြုရ။

၁၀၂။ တပ်မြို့အတွင်း ကူးစက်တတ်သောရောဂါရှိသည့် လူနာများကို တင်ဆောင်သည့် ယာဉ်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးအရာရှိကဖြစ်စေ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ပေးအပ်သူကဖြစ်စေ စိတ်ကျေနပ်သည်အထိ ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်မောင်းသည် ၎င်းယာဉ်ကို ပိုးသတ်ဆေးများပက်ဖြန်း၍ သန့်စင်စေရန် ဆောင်ရွက်ပေးရမည်။

၁၀၃။ ကျန်းမာရေးအရာရှိ သို့မဟုတ် တပ်မြို့စည်ပင်သာယာရေးအဖွဲ့က တာဝန်ပေးအပ်ခြင်း ခံရသူသည် ကူးစက်တတ်သောရောဂါ မပြန့်ပွားစေရေးအတွက် ကူးစက်တတ်သော ရောဂါဖြစ်ပွားသည့် အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပိုးသတ်ဆေးပက်ဖျန်းသန့်စင်စေနိုင်သည်။

၁၀၄။ တပ်မြို့အတွင်း ကူးစက်တတ်သောရောဂါအန္တရာယ်ကျရောက်လျှင် သို့မဟုတ် ကျရောက်ရန်အကြောင်းဖြစ်ပေါ်လျှင် ဥက္ကဋ္ဌသည် -

(က) အထူးစီမံချက်များပြုလုပ်၍ ရောဂါကာကွယ်ရေးကို ဆောင်ရွက်နိုင်သည်။

(ခ) ကူးစက်တတ်သော ရောဂါဖြစ်ပွားခြင်း၊ ပြန့်ပွားခြင်းမှ ကာကွယ်ရန် ဒေသန္တရညွှန်ကြားချက်များ ထုတ်ပြန်ကြေညာနိုင်သည်။

၁၀၅။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့သည် -

(က) ကူးစက်တတ်သော ရောဂါပြန့်ပွားခြင်းကို ကာကွယ်ရေးအတွက် အဆောက်အအုံများကို ဖျက်သိမ်းရန် လိုအပ်သည်ဟုယူဆလျှင် ကြိုတင်အကြောင်းကြားပြီး ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်နိုင်သည်။

(ခ) ကူးစက်တတ်သော ရောဂါအန္တရာယ်ပျံ့ပွားနိုင်သည်ဟု ယူဆရသော အဝတ်အထည်လူသုံးပစ္စည်းများကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရောဂါကူးစက်မှုမရှိစေရန် ဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဂ) အဆောက်အအုံနှင့် လူသုံးပစ္စည်းများကို သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းကြောင့် ဆုံးရှုံးမှုအတွက် သင့်လျော်သည့်အတိုင်း လျော်ကြေးပေးနိုင်သည်။

၁၀၆။ တပ်မြို့အတွင်းရှိ လူနှင့်တိရစ္ဆာန်တို့၏ အသက်ကိုလည်းကောင်း၊ အိုးအိမ်စည်းစိမ်ကိုလည်းကောင်း၊ အကြီးအကျယ်ပျက်စီးဆုံးရှုံးစေနိုင်သည့် ရောဂါအန္တရာယ်ကျရောက်နေချိန်၊ ကျရောက်မည်ဟု ယူဆရချိန်တွင် သာမန်ဆောင်ရွက်ခြင်းဖြင့် အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်မလုံလောက်ဟု ထင်မြင်ယူဆပါက ဥက္ကဋ္ဌသည် ဤဥပဒေနှင့်တည်ဆဲဥပဒေများအရ အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၀၇။ ပုဒ်မ ၁၀၄၊ ၁၀၅ နှင့် ၁၀၆ တို့တွင် ပါရှိသော ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေနိုင်သည်။

၁၀၈။ အတွင်းရေးမှူးသည် တပ်မြို့အတွင်းကူးစက်တတ်သောရောဂါဖြင့် တစ်ဦးဦးသေဆုံးလျှင် အောက်ပါအချက်များကို စာဖြင့် ညွှန်ကြားနိုင်သည် -

(က) လူသေအလောင်းကို တာဝန်ယူသူအား ယင်းအလောင်းကို ရင်ခွဲရုံသို့ ပို့ဆောင်ရန်၊

(ခ) လူသေအလောင်းကို သေဆုံးသည့်နေရာမှာ မြေမြှုပ်သင်္ဂြိုဟ်ရန် သို့မဟုတ် မီးသင်္ဂြိုဟ်ရန် သို့မဟုတ် ရင်ခွဲရုံသို့ ယူဆောင်ရန်မှအပ အခြားနေရာသို့ ရွှေ့ပြောင်းယူဆောင်ခြင်း မပြုရန်။

၁၀၉။ (က) ကျန်းမာရေးအရာရှိသည် တပ်မြို့အတွင်းနေထိုင်သည့် ကူးစက်တတ်သော ရောဂါဖြစ်နေသည်ဟု ယုံကြည်ရသူအား သတ်မှတ်ထားသော နေ့ရက်တွင် ဆေးရုံ သို့မဟုတ် အစိုးရဆေးပေးခန်းသို့ သွားရောက်၍ စစ်ဆေးမှုခံယူရန်နှင့် သက်ဆိုင်ရာဆရာဝန်၏ခွင့်ပြုချက်မရရှိဘဲ ထွက်ခွာခြင်းမပြုရန် စာဖြင့်ညွှန်ကြားရမည်။ ဆေးရုံ သို့မဟုတ် အစိုးရဆေးပေးခန်းမှ ဆရာဝန်သည် ၎င်းအား ကူးစက်တတ်သော ရောဂါရှိမရှိ ကျေနပ်သည်အထိ စစ်ဆေးမှုပြုလုပ်ရမည်။ သို့ရာတွင် ရောဂါလက္ခဏာ၊ လူနာ၏အခြေအနေနှင့် ၎င်း၏ပတ်ဝန်းကျင်အခြေအနေတို့ကို သုံးသပ်ပြီး ကျန်းမာရေးအရာရှိ သို့မဟုတ် ဆရာဝန်က ၎င်းအား ဆေးရုံ သို့မဟုတ် ဆေးပေးခန်းသို့ သွားရောက်ရန် မလိုသေးဟု ယူဆလျှင် အိမ်တွင် စစ်ဆေးမှုပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးမှုပြုလုပ်ရာတွင် ကူးစက်တတ်သော ရောဂါဖြစ်နေကြောင်းတွေ့ရှိပါက ကျန်းမာရေးအရာရှိသို့မဟုတ် ဆရာဝန်သည် ထိုသူအား ဆေးရုံသို့တက်ရောက်၍ ရောဂါပျောက်ကင်းသည်အထိ ဆေးကုသမှုခံယူရန် ညွှန်ကြားနိုင်သည်။ သို့ရာတွင် ရောဂါလက္ခဏာ၊ လူနာ၏အခြေအနေတို့နှင့် ၎င်းပတ်ဝန်းကျင်အခြေအနေကို သုံးသပ်၍ ကျန်းမာရေးအရာရှိ သို့မဟုတ် ဆေးရုံမှ ဆရာဝန်သည် ၎င်းအားဆေးရုံတွင် ထားရှိရန် မလိုပဟု ယူဆလျှင် ရောဂါနှင့်စပ်လျဉ်း၍ လုပ်ဆောင်ရမည့်အချက်များ သို့မဟုတ် ညွှန်ကြားချက်များပေး၍ ဆေးရုံမှဆင်းစေနိုင်သည်။

၁၁၀။ (က) ကူးစက်တတ်သော ရောဂါစွဲကပ်သူတစ်ဦးဦးသည် ပုဒ်မ ၁၀၉ အရ ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်ကို မလိုက်နာဘဲ ဆေးရုံ သို့မဟုတ် အစိုးရဆေးပေးခန်းသို့ တက်ရောက်ကုသရန် ငြင်းပယ်ကြောင်း သို့မဟုတ် ဆေးရုံ၊ အစိုးရဆေးပေးခန်းတွင် ကုသမှုခံယူနေစဉ် ဆရာဝန်၏ ခွင့်ပြုမိန့် မရဘဲ ဆေးရုံ၊ ဆေးပေးခန်းမှဆင်းသွားကြောင်း အဆိုပါဆရာဝန်၏စာဖြင့် တိုင်တန်းချက်ရရှိလျှင် တပ်နယ်မှူးသည် အဆိုပါကူးစက်တတ်သော ရောဂါ စွဲကပ်သူအား တပ်နယ်အတွင်းမှ ၂၄ နာရီအတွင်း ထွက်ခွာစေရန် ခွင့်ပြုမိန့်မရှိဘဲ ပြန်မဝင်

ရန် စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင် ထိုသူသွားရောက်မည့် ဒေသရှိ ကျန်းမာရေးအရာရှိထံသို့ ထိုသူ၏ရောဂါအခြေအနေကို စာဖြင့်အသိပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ တားမြစ်ခြင်းခံရသူတစ်ဦးဦးသည် တပ်နယ်မှူး၏စာဖြင့်ခွင့်ပြုမိန့်မရဘဲ အခြားမည်သည့်တပ်မြို့သို့မျှ ဝင်ရောက်ခွင့် မရှိစေရ။

၁၁၁။ ဥက္ကဋ္ဌသည် တပ်မြို့အတွင်း၌ ကူးစက်တတ်သော ရောဂါဖြစ်ပွားနေချိန်တွင် အများပြည်သူ၏အသက်အန္တရာယ်ကို ကာကွယ်ရန် လိုအပ်သည်ဟုယူဆလျှင် သွားလာရမည့် လမ်းများ သတ်မှတ်စီမံပေးနိုင်သည်။ ၎င်းကို အများသိစေရန် ကြေညာပေးရမည်။

၁၁၂။ အညစ်အကြေးနှင့်အမှိုက်များ သုတ်သင်ရှင်းလင်းရန် ဥက္ကဋ္ဌက ခန့်ထားသော သန့်ရှင်းရေးအလုပ်သမားတစ်ဦးဦးက လုံလောက်သည့်အကြောင်းပြချက်မရှိဘဲသော်လည်းကောင်း၊ တစ်လကြိုတင်အကြောင်းကြားခြင်းမရှိဘဲ သော်လည်းကောင်း၊ အလုပ်မှနုတ်ထွက်လျှင် သို့မဟုတ် မိမိ၏ အလုပ်ဝတ္တရားများကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းပယ်လျှင် ဥက္ကဋ္ဌသည် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၁၂)

## လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ပြစ်ဒဏ်နှင့် အယူခံခြင်းများ

၁၁၃။ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ခြင်းခံရသောသူသည် တပ်မြို့အတွင်းရှိ အဆောက်အအုံအတွင်းသို့ဖြစ်စေ၊ မြေနေရာတွင်းသို့ဖြစ်စေ ကူညီသူအမှုထမ်းများနှင့်အတူ သို့မဟုတ် ၎င်းတို့မပါဘဲ ဤဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစစ်ဆေးခြင်း၊ တိုင်းတာခြင်း၊ တန်ဖိုးဖြတ်ခြင်း သို့မဟုတ် အလုပ်တစ်စုံတစ်ရာလုပ်ကိုင်ခြင်းတို့အတွက် ဝင်ရောက်ပိုင်ခွင့်ရှိသည်။

၁၁၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေစာရင်းများကို သက်ဆိုင်ရာမြို့နယ်စာရင်းရုံးက စစ်ဆေးရမည်။

၁၁၅။ (က) ဥက္ကဋ္ဌသည် အောက်ပါကိစ္စရပ်များဆောင်ရွက်ရန် သာမန် သို့မဟုတ် အထူးအမိန့်ဖြင့် မည်သူ့ကိုမဆို တာဝန်ပေးအပ်နိုင်သည် -

(၁) တပ်မြို့အတွင်း အဆောက်အအုံတစ်ခုခုနှင့် မြေကွက်တစ်ခုခုရှိ ရေတွင်း၊ ရေမြောင်း၊ အိမ်သာ၊ ရေပုပ်တွင်း၊ ရေပွန်ရေစီးလမ်းကြောင်းတို့ကို စစ်ဆေးခြင်းနှင့် လိုအပ်လျှင် ယင်းတို့မှ အနှောင့်အယှက်ဖြစ်ပေါ်စေမှုများကို ကာကွယ်ရန် သို့မဟုတ် ဖယ်ရှားရန်အတွက် မြေကိုတူးလှန်စေခြင်း၊

(၂) တပ်မြို့အတွင်းဆောက်လုပ်နေသည့် လုပ်ငန်းများကို စစ်ဆေးစေခြင်း၊ မြေအနိမ့်အမြင့် တိုင်းတာစေခြင်း သို့မဟုတ် တိုင်းတာသည့်ကိရိယာများကို ရွှေ့ပြောင်းခြင်း၊ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အသစ်လဲလှယ်ခြင်းများ ပြုလုပ်စေခြင်း။

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် မြေကိုတူးလှန်ရန် လိုအပ်ပါက ယင်းသို့ဆောင်ရွက်သည့် ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် လက်ဝယ်ထားရှိသူမှကျခံရမည်။

၁၁၆။ အတွင်းရေးမှူးသည် ကူညီသူအမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တပ်မြို့အတွင်းတည်ဆောက်နေသည့် လုပ်ငန်းတစ်ခုကို ဝင်ရောက်စစ်ဆေးနိုင်သည်။

၁၁၇။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူသည် တပ်မြို့အတွင်းရှိ ပုဂ္ဂလိကပိုင် နေရာတစ်ခုအတွင်းဝင်ရန် လိုအပ်သည်ဟု ယူဆပါက ပိုင်ရှင် သို့မဟုတ် လက်ဝယ်ထားရှိသူမရှိခိုက် သို့မဟုတ် ရှိလျှက်နှင့် ဝင်းတံခါး သို့မဟုတ် အခြားအတားအဆီးများကို ဖွင့်ပေးရန်ငြင်းဆိုပါက သက်ဆိုင်ရာရပ်ကွက် တာဝန်ရှိသူ လူကြီးနှစ်ဦးနှင့်အတူ အတားအဆီးများကို ဖယ်ရှား၍ ဝင်ရောက်နိုင်သည်။

၁၁၈။ ဥက္ကဋ္ဌက တာဝန်ပေးထားသည့် သူတစ်ဦးဦး၏လုပ်ငန်းဆောင်ရွက်မှုကိုနှောင့်ယှက် တားဆီးခြင်း သို့မဟုတ် ပြုလုပ်လျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ် ချမှတ်နိုင်သည်။

၁၁၉။ အကြောင်းကြားစာနှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေအရ တစ်စုံတစ်ရာလုပ်ကိုင်ဆောင်ရွက်အချိန် ကန့်သတ်ပေးထားခြင်းမရှိပါက ယင်းအကြောင်းကြားစာ သို့မဟုတ် အမိန့်စာတွင် သင့်လျော်သည်အချိန် ကန့်သတ်ပေးရမည်။

(ခ) အကြောင်းကြားစာနှင့်အမိန့်စာများကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးထုတ်ပြန်ရမည်။

(ဂ) ယင်းအကြောင်းကြားစာ သို့မဟုတ် အမိန့်စာကို သက်ဆိုင်ရာပုဂ္ဂိုလ်ထံသို့ ပေးပို့ရမည်။ အကယ်၍ ယင်းပုဂ္ဂိုလ်ကို မတွေ့ရှိပါက အတူနေမိသားစုဝင် တစ်ဦးဦး၏လက်ဝယ်သို့ သက်သေတစ်ဦး၏ရှေ့မှောက်တွင် ပေးအပ်ရမည်။ အကယ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်၏နေအိမ်တွင် နေထိုင်သူမရှိပါက ယင်းအကြောင်းကြားစာ သို့မဟုတ် အမိန့်စာကို အဆိုပါနေအိမ်ရှေ့တွင် ကပ်ထားပြီး သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာရှိ အာဏာပိုင်အဖွဲ့အစည်း၏ အတည်ပြုချက်ကို ရယူရမည်။ ယင်းသို့ဆောင်ရွက်သော အကြောင်းကြား စာ သို့မဟုတ် အမိန့်စာသည် သက်ဆိုင်ရာပုဂ္ဂိုလ်ထံသို့ တိုက်ရိုက်ပေးပြီးဖြစ် သကဲ့သို့ မှတ်ယူရမည်။

၁၂၀။ ဤဥပဒေအရ တစ်ဦးတစ်ယောက်ထံသို့ အမည်တပ်ပေးပို့ရမည့် အကြောင်းကြားစာ မဟုတ်ဘဲ အများသိသာစေရန် ဝေငှရန်အကြောင်းကြားစာဖြစ်ပါက အဆိုပါအကြောင်းကြား စာကို တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကြော်ငြာသင်ပုန်း၌ ကပ်ထားခြင်း၊ သတင်းစာ တွင် ထည့်သွင်းကြေညာခြင်း သို့မဟုတ် ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြင့် လုံလောက်စွာ ဆောင်ရွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂၁။ ဤဥပဒေအရ ထုတ်ပြန်သော အကြောင်းကြားစာ သို့မဟုတ် အမိန့်စာကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သူအား ပျက်ကွက်မှုအတွက် ပြစ်ဒဏ်ကျခံရပြီးဖြစ်စေကာမူ ဥက္ကဋ္ဌ

သည် ၄င်းအားစာဖြင့် အကြောင်းကြားလျက် ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ရန် ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်စေရမည်။

၁၂၂။ အခွန်အခများရရှိရေးနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များအပြင် ဤဥပဒေအလို့ငှာ ဉက္ကဋ္ဌသည် တရားဝင်ရသင့်ရထိုက်သော အခွန်အခ သို့မဟုတ် ကြွေးမြီကို မြေခွန်မပြေကျန်ငွေဖြစ်ဘိ သကဲ့သို့ တောင်းခံရယူရမည်။

၁၂၃။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားခြင်းမရှိသော ကိစ္စရပ်တွင် အကြောင်းကြားစာ သို့မဟုတ် အမိန့်စာများကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်လျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။ ဆက်လက်ကျူးလွန်လျှင် ကျူးလွန်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ် ၅၀၀ ထပ်မံချမှတ်နိုင်သည်။

၁၂၄။ ဤဥပဒေအရ ခွင့်ပြုလိုင်စင်ရရှိထားသူ သို့မဟုတ် ထိုသူ၏တရားဝင်ကိုယ်စားလှယ်သည် ခွင့်ပြုလိုင်စင်ပါစည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဉက္ကဋ္ဌသည် ခွင့်ပြုလိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် အချိန်ကန့်သတ်၍ ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၁၂၅။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ပစ္စည်းပျက်စီးမှုနှင့်စပ်လျဉ်း၍ အပြစ်ပေးခံရသူတစ်ဦးသည် ပျက်စီးမှုတန်ဖိုးကို ပေးလျော်ရမည်။ အကယ်၍ တန်ဖိုးနှင့်စပ်လျဉ်း၍ အငြင်းပွားသော် စီရင်ချက်ချမှတ် အပြစ်ပေးခဲ့သည့် တရားရုံးက လျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ပေးရမည်။ ယင်းလျော်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေနှင့်အညီ ဂရမ်းထုတ်ပြီး ထိုသူပိုင်ပစ္စည်းကို သိမ်းယူရောင်းချခြင်းဖြင့် ရယူရမည်။

၁၂၆။ ဤဥပဒေအရ ကျူးလွန်သော ပြစ်မှုတစ်ခုခုအတွက် ပြစ်မှုကျူးလွန်ပြီးနောက် တစ်နှစ်အတွင်း သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခြင်းမရှိခဲ့လျှင် အဆိုပါပြစ်မှုအတွက် မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ခြင်းမရှိစေရ။

၁၂၇။ ပုဒ်မ ၉ အရ ဖွဲ့စည်းသော တပ်မြို့စည်ပင်သာယာရေးအဖွဲ့တွင် ခန့်အပ်ခြင်းခံရသော ဉက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ သို့မဟုတ် အရာထမ်း၊ အမှုထမ်းများအား ဤဥပဒေနှင့်အညီဆောင်ရွက်သည့် လုပ်ငန်းများကိုသဘောရိုးဖြင့် ဆောင်ရွက်ခြင်းအတွက် မည်သည့်

တရားရုံးတွင်မျှ ပြစ်မှုအကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မပြုစေရ။

၁၂၈။ ဥက္ကဋ္ဌက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးထံတွင် ရက် ၉၀ အတွင်းလည်းကောင်း၊ မြို့နယ်တရားသူကြီးက ချမှတ်သည့် စီရင်ချက်အမိန့်ကို သက်ဆိုင်ရာအဆင့်မြင့်တရားရုံးတွင် ရက် ၃၀ အတွင်းလည်းကောင်း အယူခံဝင်နိုင်သည်။

၁၂၉။ ပုဒ်မ ၁၂၈ အရ အယူခံလျှောက်ထားချက်ကို စာဖြင့် ရေးသားပြီး ဥက္ကဋ္ဌ သို့မဟုတ် မြို့နယ်တရားသူကြီးက ချမှတ်သည့် အမိန့်စာမိတ္တူနှင့်တကွ ပူးတွဲတင်သွင်းရမည်။

၁၃၀။ (က) ဥက္ကဋ္ဌက ထုတ်ဆင့်လိုက်သော အမိန့်တစ်စုံတစ်ရာကို တရားရုံးတစ်ခုခုမှ ပယ်ဖျက်ခဲ့သော် ထိုသို့ပယ်ဖျက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဥက္ကဋ္ဌသည် တစ်ဆင့်မြင့်သည့်တရားရုံးသို့ စီရင်ချက် ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) ဤအခန်းတွင် ပါရှိသည့်အယူခံအတွက် ပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ တင်သွင်းသည့်ပြင်ဆင်မှု လျှောက်လွှာများနှင့်လည်း အကျုံးဝင်သည်။

၁၃၁။ ပုဒ်မ ၁၃၀ အရ ဆောင်ရွက်ခြင်းမှတစ်ပါး ဤဥပဒေပါ အခြားကိစ္စများတွင် အယူခံအာဏာပိုင်၏စီရင်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၃)

## နည်းဥပဒေနှင့်စည်းကမ်းဥပဒေများ

၁၃၂။ (က) ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)ဖြင့် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ထုတ်ပြန်နိုင်သည် -

(၁) တပ်မြို့အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေကို အသုံးပြုရေး အတွက် ခွင့်ပြုအမိန့်လျှောက်ထားရာ၌ မည်သူထံသို့ မည်သည့် နည်းဖြင့် လျှောက်ထားရန်ကိစ္စ၊

(၂) အဆိုပါ ခွင့်ပြုမိန့်ကို ချမှတ်နိုင်သူနှင့် ခွင့်ပြုမိန့်တွင် ပါဝင်ရမည့် စည်းကမ်းချက်များကိစ္စ။

၁၃၃။ ဥက္ကဋ္ဌသည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ အကြောင်းအရာအားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် -

(က) မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်း၊

(ခ) ကာကွယ်ဆေးထိုးခြင်း၊

(ဂ) အခွန်အခနှင့်အကောက်များ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) လမ်းများပေါ်တွင် နေဝင်မှနေထွက်ချိန်အတွင်း ရပ်ထားသော မောင်းနှင်သော သို့မဟုတ် ဆွဲယူသွားသော ယာဉ်များတွင် မည်ကဲ့သို့ မီးထွန်းထားရန် သတ်မှတ်ခြင်း၊

(င) တပ်မြို့အတွင်းပိုင်ရှင်မပါဘဲ လွှတ်ထားသော တိရစ္ဆာန်များကို ဖမ်းဆီး ထိန်းသိမ်းခြင်း၊

(စ) မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်း၊

(ဆ) အဆောက်အအုံဆောက်လုပ်ရာတွင် ပါဝင်သော အလုပ်သမားနှင့် အများ ပြည်သူ၏ လုံခြုံရေးအတွက် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဇ) ဤဥပဒေတွင် ဖော်ပြထားခြင်းမရှိသော အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ရေမြောင်းများ၊ လေဝင်လေထွက်ပေါက်များ၊ ရေပိုက်များ၊ အိမ်သာများ၊ ကျင်ငယ်စွန့်ရာနေရာများ၊ ရေပုပ်တွင်းများနှင့်

အခြားရေပုပ်ရေဆိုးထုတ်ရာ မြောင်းများကိုဆေးကြောသုတ်သင်ခြင်းနှင့် ပြင်ဆင်ခြင်းများအတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) ရေမြောင်းအတွင်း ညစ်ညမ်းသော ရေနှင့်အခြားအနံ့အသက်ဆိုးဝါးသော ရေ သို့မဟုတ် ပိတ်ဆို့နိုင်သော ပစ္စည်းများစွန့်ပစ်မှုကို တားမြစ်ခြင်း၊

(ည) အများပြည်သူကျန်းမာရေးအား အန္တရာယ်ပြုနိုင်ဖွယ်ရာရှိသော တိရစ္ဆာန်များ ထားရှိခြင်းအတွက်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) လူသေအလောင်းများကို စနစ်တကျမြှုပ်နှံခြင်း၊ သုသာန်နေရာများ သတ်မှတ်ခြင်းနှင့် အသုံးပြုခြင်းအတွက် အခကြေးငွေရယူရေး စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဌ) လမ်းများနှင့်အဆောက်အအုံများတွင် ရောင်းချရန် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဍ) စခန်းချရာနေရာများ၊ တိရစ္ဆာန်ထောင်များ၊ အဂတ်အထည်လျှော်ဖွပ်ရာနေရာ များ၊ တည်းခိုခန်းနှင့် ရိပ်သာများ၊ အသင်းပိုင်အဆောက်အအုံများ၊ စားသောက်ဆိုင်များ၊ အဖျော်ယမကာဆိုင်များအပြင် အများသုံးအပန်းဖြေ ကွင်းများ၊ ပွဲလမ်းသဘင်နှင့်အများသုံးနေရာများကို ကြပ်မတ်ကွပ်ကဲခြင်းနှင့် လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဎ) အဖျော်ယမကာနှင့်အစားအသောက်များ ပြုလုပ်ရောင်းချခြင်းတို့အတွက် အသုံးပြုသည့်အဆောက်အအုံတွင် လေဝင်လေထွက်အလင်းရောင်ရရှိမှု၊ ဆေးကြောသုတ်သင်ရှင်းလင်းခြင်း၊ ရေထုတ်မြောင်းများ ဖောက်လုပ်ခြင်းနှင့် ရေရရှိရေးအတွက် လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဏ) ဤဥပဒေအရ ထုတ်ပေးထားသော ခွင့်ပြုလိုင်စင်များတွင် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ထားရှိခြင်း၊

(တ) ဘေးအန္တရာယ်ဖြစ်စေတတ်သော သို့မဟုတ် အနံ့အသက်ဆိုးဝါးသော ပစ္စည်း ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သည့်နေရာများကို သန့်ရှင်းစင်ကြယ်စွာ ထားရှိစေရန် သို့မဟုတ် အဆိုပါလုပ်ငန်းဆောင်တာများမှ ဖြစ်ပေါ်စေသည့်

သို့မဟုတ် ဖြစ်နိုင်သည့်အန္တရာယ်ပြုမှုများကို နည်းနိုင်သည်ထက် နည်းစေရန် ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(ထ) တပ်မြို့အတွင်းရှိ မည်သည့်မြေနေရာတွင်မဆို ဂငင်းခြံ၊ အကာအရံ၊ တဲ၊ နေရာ သို့မဟုတ် အခြားယာယီအဆောက်အအုံဆောက်လုပ်ခြင်းအတွက် စည်းကမ်း သတ်မှတ်ခြင်း၊

(ဒ) အဆောက်အအုံများဆောက်လုပ်ရာတွင် လမ်းများအကွက်ချဖောက်လုပ်ရေး အတွက် မြေနေရာချန်လှပ်ထားရန် စည်းကမ်းသတ်မှတ်ခြင်းနှင့် တားမြစ် ခြင်း၊

(ဓ) အများပြည်သူ အသုံးပြုရန် သတ်မှတ်ထားသော ဥယျာဉ်ပန်းခြံများ၊ မြေနေရာများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(န) လမ်းများ၊ အများပြည်သူအသုံးပြုသည့် မြေနေရာနှင့် ဆက်စပ်ပေါက်ရောက် လျက်ရှိသော သစ်ပင်များ၊ ပန်းပင်များ၊ မြက်များကို ထိန်းသိမ်းစောင့်ရှောက် ခြင်း၊

(ပ) တိရစ္ဆာန်စားကျက်များအတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဖ) အများသုံးရေချိုးဆိပ်များ၊ အဝတ်အထည်များ လျှော်ဖွပ်ရန်နေရာ၊ ယင်းနေရာများ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ် ခြင်း၊

(ဗ) ကြော်ငြာစာများ၊ ကြော်ငြာသင်ပုန်းများအတွက် နေရာသတ်မှတ်ပေးခြင်း အပြင် စိုက်ထူမည့် ကြော်ငြာသင်ပုန်းနှင့် လမ်းမှတ်တိုင်အနေအထားအရွယ် အစားပုံသဏ္ဍာန်များအတွက် စည်းကမ်းချက်သတ်မှတ်ခြင်း၊

(ဘ) ကုန်ပစ္စည်းများကို အတိုင်းအတာဖြင့်သော်လည်းကောင်း၊ အလေးချိန်ဖြင့် သော်လည်းကောင်း ရောင်းချရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း၊

(မ) တပ်မြို့အတွင်းအောက်ပါတို့အတွက် လိုင်စင်ယူစေခြင်း -

(၁) ကုန်ပစ္စည်းများထမ်းပိုးသယ်ယူပို့ဆောင်သူများ၊

(၂) တိရစ္ဆာန်များ အငှားလိုက်သူများ၊

(၃) ယာဉ်များ၊ လှေများ သို့မဟုတ် အခြားသယ်ယူပို့ဆောင်သော ယာဉ်ပိုင်သူများ သို့မဟုတ် မောင်းနှင်သူများ သို့မဟုတ် တိရစ္ဆာန်များကို ထားရှိငှားရမ်းစားသူများ။

(ယ) ပုဒ်မခွဲ(မ)အရ ထုတ်ပေးသည့် လိုင်စင်အတွက် လိုင်စင်ခသတ်မှတ်ခြင်း၊ လိုင်စင်များထုတ်ပေးခြင်း၊ လိုင်စင်များပြင်ဆင်ခြင်း၊ ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်း၊

(ရ) ကုန်ပစ္စည်းများ ထမ်းပိုးသယ်ယူပို့ဆောင်ပေးရသူများ၊ ကုန်ပစ္စည်းများ ပို့ဆောင်ပေးရသော တိရစ္ဆာန်များ၊ ယာဉ်များနှင့် အခြားသယ်ယူပို့ဆောင်ပေးရသော ယာဉ်များအတွက် ပေးဆောင်ရမည့် အခကြေးငွေများ သတ်မှတ်ပေးခြင်း၊

(လ) ပြည်သူ့ကျန်းမာရေး၊ ရောဂါကာကွယ်ရေး၊ အများပြည်သူလုံခြုံရေးနှင့် သက်သာချောင်ချိရေး လုပ်ဆောင်မှုများအတွက် စည်းကမ်းသတ်မှတ်ခြင်း၊

(ဝ) တပ်မြို့အတွင်းရှိ မြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်များသည် တပ်မြို့အတွင်းနေထိုင်ခြင်း မပြုလျှင်သော်လည်းကောင်း၊ တပ်မြို့ပြင်ပသို့ ယာယီခရီးသွားလျှင်သော်လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(သ) တပ်မြို့အတွင်းမှ ကူးစက်ပြန့်ပွားတတ်သောရောဂါများ မပြန့်ပွားစေရန် ကာကွယ်တားဆီးခြင်းနှင့် ကူးစက်တတ်သော ရောဂါများဖြစ်နေသော တိရစ္ဆာန်များကို တပ်မြို့အတွင်းတွင် ခွဲခြားထားရှိစေခြင်း သို့မဟုတ် ဖယ်ရှားပစ်စေခြင်း၊

(ဟ) တပ်မြို့အတွင်းရှိ မြင်းဇောင်းများ၊ နွားတင်းကုပ်များ၊ သိုးများ၊ ဆိတ်များနှင့် ကြက်များထားရှိရန် အသုံးပြုသောအဆောက်အအုံများအတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဠ) တပ်မြို့အတွင်းခရာနှင့် အချက်ပေးသော ဥသြများကို အသုံးပြုခြင်း၊ အသံချဲ့စက်များ၊ တီဗွီ၊ ဗီဒီယို၊ ကာရာအိုကေရုံများ အသုံးပြုခြင်းအတွက် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(အ) ဤဥပဒေအရ တပ်မြို့အုပ်ချုပ်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

၁၃၄။ ဥက္ကဋ္ဌက ပုဒ်မ ၁၃၃ အရ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှု မရှိသူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ် အောက်ပါအတိုင်း ဒဏ်ကြေးငွေတပ်ရိုက်နိုင်ကြောင်း စည်းကမ်းချက်တွင် ထည့်သွင်းဖော်ပြနိုင်သည် -

(က) ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်၊

(ခ) ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်အပြင် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ် ၁၀၀၀ ထက်မပိုသော ငွေဒဏ်။

၁၃၅။ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းမည်။ ယင်းအမိန့်၊ ညွှန်ကြားချက်များကို တပ်မြို့စည်ပင်သာယာရေး အဖွဲ့ရုံးတွင် မိတ္တူတစ်စောင်စီထားရှိ၍ တပ်မြို့အတွင်း နေထိုင်ကြသူ မည်သူကိုမဆို ကြည့်ရှုခွင့်ပေးရမည်။

## အခန်း(၁၄)

## အထွေထွေ

၁၃၆။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဥက္ကဋ္ဌခွင့်သွားနေစဉ်တိုင်းမှူး၏အစီအစဉ်အရ အတွင်းရေးမှူး သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက ဥက္ကဋ္ဌ၏တာဝန်ကိုလည်းကောင်း၊ အတွင်းရေးမှူးခွင့်သွားနေစဉ် ဥက္ကဋ္ဌ၏ ယာယီအစီအစဉ်အရ အဖွဲ့ဝင်တစ်ဦးဦးက အတွင်းရေးမှူး၏တာဝန်ကိုလည်းကောင်း ထမ်းဆောင်ရန်ဖြစ်သည်။

၁၃၇။ ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့်ညွှန်ကြားချက်များ၊ အကြောင်းကြားစာများ၊ ထုတ်ပေးသည့်လိုင်စင်များနှင့် အခြားစာရွက်စာတမ်းများသည် ပုံစံအားဖြင့် မှားယွင်းချွတ်ချော်မှုရှိစေကာမူ တရားဝင်သည်ဟု မှတ်ယူရမည်။

၁၃၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ပြေစာ၊ လျှောက်လွှာပုံစံ၊ နိုးဆော်စာ၊ အမိန့်စာ သို့မဟုတ် ရုံးတွင်းရှိ မှတ်ပုံတင်စာအုပ်တစ်အုပ်တွင် မည်သည့်ရေးသွင်းချက်၏ မိတ္တူကိုမဆို

ဂတ္တရားအရ ကိုင်တွယ်မှတ်တမ်းတင်ရသူ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌ၏ တာဝန်ပေးခြင်းခံရသူက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားခဲ့လျှင် ယင်းမိတ္တူမှန်သည် ဆိုခဲ့သည့် ယင်းစာတမ်းအမှတ်အသားသည် သက်သေခံဝင်သည်ဟု မှတ်ယူရမည်။ ယင်းစာရွက်စာတမ်း သို့မဟုတ် ရေးသွင်းချက်နှင့်စပ်လျဉ်း၍ တရားရုံးသို့ သက်သေခံအဖြစ် တင်ပြရာတွင် မူရင်းစာရွက်စာတမ်း သို့မဟုတ် ရေးသွင်းချက်ကို တင်ပြသကဲ့သို့ မိတ္တူမှန်ကို သက်သေခံအဖြစ် လက်ခံခွင့်ရှိရမည်။

၁၃၉။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်းသည် ဥက္ကဋ္ဌနှင့်မသက်ဆိုင်သည့် မည်သည့်တရားမမှုတွင်မဆို မှတ်ပုံတင်စာအုပ် သို့မဟုတ် စာရွက်စာတမ်းတွင်ပါရှိသည့် အကြောင်းအရာများကို ဤဥပဒေပုဒ်မ ၁၃၈ အရ မိတ္တူမှန်ထုတ်ပေးခြင်းဖြင့် ပြီးစီးနိုင်သည့်ကိစ္စတွင် ယင်းမူရင်းမှတ်ပုံတင်စာအုပ်၊ မူရင်းစာရွက်စာတမ်းများကို တင်ပြခြင်းမပြုရ။ ထို့ပြင် မည်သည့်အကြောင်းအရာ သို့မဟုတ် ရေးသားချက်ကို ဟုတ်မှန်ကြောင်းသက်သေခံရန် တရားရုံး၏ဆင့်ခေါ်ချက်မှတစ်ပါး သက်သေအဖြစ် ပါဝင်ခြင်းမပြုရ။

၁၄၀။ ဤဥပဒေအရ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့် ဥက္ကဋ္ဌများအား မြို့ပြစည်ပင်သာယာရေးနှင့် မြို့ပြစည်ပင်သာယာရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ရရှိသူများအဖြစ် မှတ်ယူရမည်။

၁၄၁။ The Cantonments Act နှင့် The Cantoments (House Accommodation) Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ